မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၅၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရေလှောင်တမံများမှ ရေများကို အလေအလွင့်မရှိအောင် အကျိုးရှိရှိအသုံးပြု ယာမြေမှ လယ်မြေစနစ်ဖြစ်အောင်ဆောင်ရွက်ပြီး ခြံစည်းရိုးကြက်ဆူပင်များပါ စိုက်ပျိုး စပါးစိုက်ပျိုးနိုင်ရေး ရေသွယ်စနစ်ဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မတ် ၆

မုံရွာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁ ရက်နံနက် ၆နာရီတွင် မုံရွာမြို့ ဘိုးဘွားရိပ်သာမှ ကျွဲရဲလမ်းဆုံအထိ ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက လမ်းအရှည် ၇ ဒသမ ၂၉ မိုင်ရှိ မုံရွာမြို့ ဘိုးဘွားရိပ်သာမှ ကျွဲရဲလမ်းဆုံအထိ ပြည်ထောင်စုလမ်းမကြီးကို အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိပြီး လမ်းပိုင်းတွင်ပါဝင်သော တံတားငါးစင်းတွင် နှစ်စင်းတည်ဆောက်ပြီးစီးမှုနှင့် ကျောက်သားခင်းပြီး လမ်းပိုင်းများကို ကတ္တရာခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အရာတော်မြို့နယ် မြေနတ်ကျေးရွာအုပ်စုရှိ ရေလှောင်တမံမှ ရေထွက်ရှိမှုနှင့် ရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး၊ အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း



စီးပွားရေးအင်အားတောင့်တင်းလာသော တရုတ်နိုင်ငံသည်နိုင်ငံတစ်ဝန်းရှိ ချမ်းသာကြွယ်ဝလာသော မြို့ကြီးများနှင့် ကျေးလက်များအတွင်း ကွာဟချက် များ ကျဉ်းမြောင်းလာအောင်လုပ်ဆောင်သွားမည်။

တရုတ်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေ (စာ-၄)

❒ အရိုးသန်မာအောင် အဆီထုတ်ထားတဲ့ နို့တို့ ယိုးဂတ်၊ ဒိန်ချဉ်တို့၊ ဂေါ် ဗီထုပ်အစိမ်း ဘရိုကိုလီတို့ ပန်းဂေါ် ဖီပွင့်၊ ငါးသေတ္တာ၊ တို့ဟူး၊ စိမ်းလန်းတဲ့ ဟင်းသီးဟင်းရွက်တွေစားရမယ်။ ကယ်လ်စီယမ်ဆေးလုံး ၁၀၀၀ မီလီဂရမ်အားကို နေ့စဉ်သာမန် အမျိုးသမီးတွေ စားနိုင်တယ်လေ။ ကိုယ်ဝန်ဆောင်တို့နဲ့ နို့တိုက်မိခင်တို့က ၁၂၀၀-၁၅၀၀ မီလီဂရမ် သောက်နိုင်တယ်။

ယုဝတီခင်ဦး၏ ဆောင်းပါး(စာ-၁၀)

(၇၈) ကြိမ်မြောက် အော်စကာဆု ကြေညာ

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

သတင်းအကျယ် (ကျောဖုံးနှင့်စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၇ ရက်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖူလုံပိုလျှံရေး ကုန်းတွင်းနှင့်ကမ်းလွန်မှတိုးချဲ့ရှာဖွေထုတ်လုပ်

ယနေ့အချိန်အခါတွင် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့်အလျောက် နိုင်ငံတော်အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များကို ကြိုးပမ်းရှာဖွေ ထုတ်လုပ်လျက်ရှိသည်။ သဘာဝသယံဇာတ အရင်းအမြစ်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံ ပိုလျှံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တိုးချဲ့ရှာဖွေ ထုတ်လုပ်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ကုန်းတွင်းပိုင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များ တိုးချဲ့ရှာဖွေလျက်ရှိသကဲ့သို့ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများကိုလည်း ပြည်ပ ကုမ္ပဏီများနှင့် ပူးပေါင်းအကောင်အထည်ဖော်လျက် ရှိသည်။

ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်၌ စမ်းသပ်တူးဖော်တွေ့ရှိချက်အရ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်များ တူးဖော်ရရှိရန် အလားအလာကောင်းမွန်နေသည်။ လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့၌ စမ်းသပ်ရရှိထားပြီးဖြစ်သည့် ရွှေသဘာဝဓာတ်ငွေ့သိုက်၊ ရွှေဖြူသဘာဝဓာတ်ငွေ့သိုက်နှင့် မြသဘာဝဓာတ်ငွေ့သိုက်တို့တွင် ခိုအောင်းနိုင်မည့် သဘာဝဓာတ်ငွေ့ပမာဏ တွက်ချက်ရရှိမှုများအရ အိမ်နီးချင်းနိုင်ငံများသို့ ပိုက်လိုင်းဖြင့် ပို့လွှတ်ရောင်းချနိုင်မည့် အလားအလာများနှင့် သဘာဝဓာတ်ငွေ့ရည် စက်ရုံတည်ဆောက်နိုင်မည့် အလားအလာများကို တွေ့ရှိရသည်။ ငွေဘူမိအနေအထားနှင့် ရွှေနီလာဘူမိအနေအထားများတွင် ရှာဖွေရေးတွင်းများ တူးဖော်ခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်လည်း ကြိုးပမ်းဆောင်ရွက်နေသည်။

လုပ်ကွက်အမှတ် A-3 သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 ရွှေသဘာဝဓာတ်ငွေ့သိုက်ကြီး၏တောင်ဘက်၌ ကပ်လျက်တည်ရှိသည်။ ပဏာမ စမ်းသပ်တွေ့ရှိချက်များအရ မြသဘာဝဓာတ်ငွေ့သိုက်၌ သဘာဝဓာတ်ငွေ့ပမာဏ (၂)ထရီလီယံ ကုဗပေခန့် ခိုအောင်းနိုင်ကြောင်း သိရှိရသည်။

လုပ်ကွက် A-3 အတွင်း၌ မြဘူမိအနေအထားအပြင် အခြားပေနက်ပိုင်း ဘူမိအနေအထားများ၌လည်း နောက်ထပ် သဘာဝဓာတ်ငွေ့သိုက်အသစ်များ ထပ်မံတွေ့ရှိနိုင်မည့် အလားအလာများ များစွာကောင်းမွန်ကြောင်း သိရှိရသည်။

တနင်္သာရီကမ်းလွန်ဒေသရှိ ရဲတံခွန်ရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ ထုတ်လုပ်ရေးတွင်း ဟောင်းများနှင့် တူးဖော်အောင်မြင်နေသည့် တွင်းသစ်များမှ နေ့စဉ်သဘာဝဓာတ်ငွေ့များ ထုတ်လုပ်ပေးနေသည်။

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ၌လည်း တိုးချဲ့ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အချို့သော ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှာ အလားအလာကောင်းမွန်နေသည်ကို တွေ့ရသည်။

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် ဘူမိအနေအထားအရ ဆက်လက်တူးဖော်လျက်ရှိရာ တွင်းသစ်အမှတ်(၃၂)ကို အောင်မြင်စွာ တူးဖော်ပြီးစီးခဲ့ပြီဖြစ်သည်။ အဆိုပါတွင်းသစ်မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၃ဒသမ ၅သန်းခန့်ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။

အလားတူ မကွေးတိုင်း ပေါက်မြို့ရှိ သာကြီးတောင်ရေနံမြေ၌ တွင်းသစ်အမှတ်(၄၃)ကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့ရာ အဆိုပါတွင်းသစ်မှ သဘာဝဓာတ်ငွေ့ ကုဗပေ၂ဒသမ ၅သန်းခန့် နေ့စဉ်ထုတ်လုပ်ပေးနေပြီ ဖြစ်သည်။

ထို့အတူ ပေါက်မြို့နယ်ရှိ စပယ်ရေနံမြေတွင်လည်း စပယ်တွင်းသစ် အမှတ်(၁၈)ကို ထပ်မံတူးဖော်နိုင်ခဲ့ပြန်ရာ အဆိုပါ တွင်းသစ်မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၁ဒသမ ၅သန်းခန့် နေ့စဉ်ထုတ်လုပ်ပေးနေပြီဖြစ်သည်။

ယခုအခါ မကွေးတိုင်းရှိ သာကြီးတောင် ရေနံမြေနှင့် စပယ်ရေနံမြေမှ ရေနံစိမ်းစည်ပေါင်း ၄၂၀ ခန့်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၂၀ခန့် နေ့စဉ်ထုတ်လုပ်ပေးနေပြီ ဖြစ်သည်။

သို့ဖြစ်ရာ စွမ်းအင်ကဏ္ဍမှ တာဝန်ရှိသူအသီးသီးအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖြစ်ထွန်းတည်ရှိမှု အလားအလာများကို အခြေခံ၍ စွမ်းအင်ကဏ္ဍ ပြည်တွင်းသုံးစွဲမှု ဖူလုံပိုလျှံရေး၊ ကုန်းတွင်းနှင့်ကမ်းလွန်မှ သဘာဝဓာတ်ငွေ့များ ကာလကြာရှည်စွာ ထုတ်ယူသုံးစွဲသွားနိုင်ရေးအတွက် တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၇-၃-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၈။ ပညာခေတ်
- ၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၁၈)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၁၂)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြိတ်တက္ကသိုလ် သုတေသနစာတမ်းဖတ်ပွဲကျင်းပ တိုင်းမှူးပိုလ်ချုပ်မောင်မောင်ဆွေ အမှာစကားပြောကြား

ရန်ကုန် မတ် ၆

တနင်္သာရီတိုင်း မြိတ်မြို့ မြိတ်တက္ကသိုလ် သုတေသနစာတမ်းဖတ်ပွဲ (၁/၂၀၀၆)ကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၉နာရီက မြိတ်တက္ကသိုလ် ပင်မဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်ငိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြိတ်တက္ကသိုလ် ပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ ဌာနမှူးများနှင့်ကထိကများ၊ စာတမ်းဖတ်ကြားမည့်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဦးသိန်းအောင်က သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် စာတမ်းရှင်အဏ္ဏဝါသိပ္ပံဌာန ပါမောက္ခဒေါက်တာငွေအောင်နှင့် စာတမ်းရှင်များက သုတေသနဆိုင်ရာစာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။ အဆိုပါ စာတမ်းဖတ်ပွဲတွင် သိပ္ပံဘာသာရပ်ဆိုင်ရာဌာနများက စာတမ်းခုနစ်စောင်၊ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာဌာန များက စာတမ်းငါးစောင် စုစုပေါင်းစာတမ်း ၁၂ စောင် တင်သွင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇေယျာဘုမ္မိအောင်သိဒ္ဓိ အေးစေတီတော်ရွှေထီးတော်သစ်တင်လှူ

ရန်ကုန် မတ် ၆

အင်းစိန်မြို့ တောင်သူကုန်း ရပ်ကွက် ဝါခင်းတောင် ကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ဇေယျာဘုမ္မိအောင်သိဒ္ဓိအေးစေတီတော်မြတ်ကြီး ရွှေထီးတော်သစ် တင်လှူပွဲနှင့် (၃၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မတ်၇ရက်မှ ၉ရက်အထိ ကျင်းပမည်ဖြစ်ရာ ဝါခင်းတောင် ကျောင်းတိုက် ပဓာနနာယက ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တစန္ဒောဘာသအမှူးထား၍ အလှူရှင်ဦးလှမြင့်-ဒေါ်စန်းစန်းရီ မိသားစု၊ ဦးကြည်ဟန်-ဒေါ်နီ နီမိသားစုတို့က လှူဒါန်းမည်ဖြစ်သည်။

မတ်၇ရက် ည ၇နာရီတွင် မဟာဓမ္မာစရိယ အရှင်သုမင်္ဂလ(နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ကမ္ဘာအေး)က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ပြီး မတ် ၈ ရက် နံနက်တွင် ရွှေထီးတော်တင် မင်္ဂလာနှင့် မတ် ၉ ရက် နံနက်တွင် စေတီတော်မြတ်ကြီးအား သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေကအနေကဇာတင်မည်ဖြစ်ရာ စေတီတော်မြတ်ကြီး ဆွမ်းတော်ကြီး တင်ဆက်ကပ်လှူဒါန်းလိုသူများနှင့် တရားနာယူလိုသူများကြွရောက်ကြရန် နှိုးဆော်ထားသည်။

(ဝ၄၆)

ဖေဖော်ဝါရီ ၁၆ရက်က မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက်အဖွဲ့ဝင်(၂) ဦးဇော်ဝင်း၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးရဲဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အရာတော်မြို့နယ် မြေနတ်ကျေးရွာအုပ်စုရှိ ရေလှောင်တွင်းမှ ရေများကို ဒေသခံတောင်သူများ သောက်သုံးရေအဖြစ် သုံးစွဲမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ **ရွှေဖုံးမှ**

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်မှ ပြည်ထောင်စုလမ်းမကြီး ကျောက်သားလမ်းခင်းကျင်း ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုလမ်းမကြီး၏ ဘူတာရုံလမ်းနှင့် ကျောက်ကာလမ်း အကြားကျောက်သားခင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အရာတော်မြို့နယ်အဝင် တုံးတင်ကန်ကျေးရွာ အုပ်စုရှိ အရာတော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ခင်းသို့ ရောက်ရှိရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေက ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ခင်းငါးဧကတွင် ကြက်ဆူပင် ၈၄၀၀ စိုက်ပျိုး ပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာတော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ခင်းမှ အပင်များရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာတော်တပ်နယ်သို့ ရောက်ရှိရာ အရာတော်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်မင်းက ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းဧက ၅၀နှင့် မျိုးစေ့ ပျိုးပင် တစ်ဧက စိုက်ပျိုးပြီးစီးမှု၊ မျိုးကိုင်းပျိုးပင် တစ်သိန်းနှင့် မျိုးစေ့ပျိုးပင် ၁၅၃၀၀၀ စုဆောင်းထားရှိမှုနှင့် ဆက်လက် စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ကြက်ဆူပင် ပျိုးကိုင်းစိုက်ခင်းနှင့် မျိုးစေ့တိုက်ရိုက်ချ စိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာတော်တပ်နယ်ရှိ တစ်နာရီရေဂါလန် ၁၈၀၀ ထွက်ရှိသည့် နှစ်လက်မ ရေလှိုင်တွင်းသို့လည်းကောင်း၊ အရာတော်မြို့နယ် မြေနတ်ကျေးရွာအုပ်စုရှိ တစ်နာရီရေဂါလန်၄၃၀၀ထွက်ရှိသည့် ရေလှိုင်တွင်းအမှတ်(၂)သို့လည်းကောင်း ရောက်ရှိ၍ ရေထွက်ရှိမှုနှင့် ရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ရေလှိုင်တွင်းမှရေများကို အလေအလွင့်မရှိအောင်အကျိုးရှိရှိအသုံးပြုရေး၊ တောင်သူများ အနေဖြင့် ယာသီးနှံအပြင် စပါးတစ်သီးရရှိအောင် စိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြေနတ်ကျေးရွာအုပ်စုရှိ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့ ရောက်ရှိ၍ ပျိုးဥယျာဉ်ကိုလည်းကောင်း၊ တစ်ဆက်တစ်စပ်တည်းရှိသော တောင်သူ ဦးလှတင်၏ ကိုင်းဖြတ်တိုက်ရိုက်ချ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်ငါးဧက စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာတော်မြို့နယ် မြေနတ်ကျေးရွာအုပ်စုရှိ တစ်နာရီ ရေဂါလန် ၂၂၅၀၀ထွက်ရှိသည့် ရေလှိုင်တွင်းအမှတ်(၁)ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် စစ်ကိုင်းတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှမင်းက စိုက်ပျိုးရေရရှိရေးအတွက် ရေလှိုင်တွင်း ရှစ်တွင်းတူးဖော်ပြီးစီးမှု၊ စိုက်ပျိုးရေပေးဝေမှုနှင့် ရေလှိုင်တွင်းများ ဆက်လက်တူးဖော်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသခံတောင်သူများ စပါးစိုက်ပျိုးနိုင်ရန် ရေသွယ်စနစ်ဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာတော်မြို့နယ် မြေနတ်ကျေးရွာအုပ်စုရှိ တစ်နာရီ ရေဂါလန် ၂၁၀၀၀ထွက် ရှိသည့် ရေလှိုင်တွင်းအမှတ်(၃)သို့ ရောက်ရှိ၍ ရေထွက်ရှိမှု၊ ရေလှောင်ကန်တွင်း စနစ်တကျရေသိုလှောင်ထားရှိမှု အခြေအနေနှင့် ကျေးရွာများမှ သောက်သုံးရေအသုံးပြုမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

လယ်မြေစနစ်ဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရေလှိုင်တွင်းများမှ ရေများရရှိနေပြီဖြစ်၍ ယာမြေစနစ်မှ လယ်မြေစနစ်ဖြစ်အောင် ဆောင်ရွက်ကြရန်နှင့် ခြံစည်းရိုး ကြက်ဆူပင်များကိုလည်း စိုက်ပျိုးကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မူးမြစ်ကိုဖြတ်သန်း၍ မုံရွာခရိုင် အရာတော်မြို့နယ်နှင့် ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တို့ကို ဆက်သွယ်သည့် သမရိုးတံတားသို့ ရောက်ရှိ၍ တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းခရိုင်နှင့်ရွှေဘိုခရိုင်တို့သို့ ဆက်သွယ်သည့်စစ်ကိုင်း-ကျောက်မြောင်း-သီဟတော-ထီးချိုင့်-ကသာ-မိုးဒါး ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ထားမှုကို စစ်ကိုင်းဘက်ခြမ်းပဒူရွာအနီးမှ ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း စစ်ကိုင်း-ကျောက်မြောင်းလမ်းပိုင်းတစ်လျှောက်ရှိ လမ်းနှင့်တံတား အခြေအနေများကိုလည်းကောင်း၊အဆိုပါလမ်းရှိတောင်ရင်းရွာအနီး တပ်ရာမြစ်ရေတင်စခန်းမှ ပင်မရေမြောင်းကြီးအတွင်းသို့ ရေတွန်းပို့မှုနှင့် လယ်မြေများသို့ စိုက်ပျိုးရေပေးဝေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဝက်လက်မြို့နယ်၏ ရှိမ္ဘကားကျေးရွာသို့ရောက်ရှိကြ၍ ရှင်းလင်းဆောင်တွင် လမ်းတည်ဆောက်ရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးအောင်ဆန်းကစစ်ကိုင်းလမ်းခွဲမှ ကျောက်မြောင်းအထိ လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးကဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဝက်လက်လမ်းဆုံသို့ ရောက်ရှိ၍ တပ်ရွာလမ်းဖောက်လုပ်မည့်လမ်းအခြေအနေနှင့် လမ်းဆုံလမ်းခွဲ အခြေအနေများကိုလည်းကောင်း၊ ရှိမ္ဘကား-သစ်ဆိမ့်လမ်းပိုင်းကြား စက်ယန္တရားများဖြင့် လမ်းအူကြောင်း ဖောက်လုပ်နေမှုကိုလည်းကောင်းလှည့်လည် ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဝက်လက်မြို့နယ် ရေဖြူစခန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင်တိုင်းဆည်မြောင်း ဦးစီးဌာနမှူး ဦးဟုတ်ကြည်က ဟံလင်းအင်း ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် စပ်လျဉ်း၍ ဟံလင်းအင်းကိုရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်သာအေးက ဖြည့်စွက်တင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေဘို-ကျောက်မြောင်းလမ်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းက ရွှေဘိုခရိုင် ရှိမ္ဘကား-ကျောက်မြောင်းလမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်သာအေးက ဖြည့်စွက်တင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည်ရုံးပင်ကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပဲစင်းငုံ၊ နှမ်း စသည့်သီးနှံများအပြင် ခြံစည်းရိုး ကြက်ဆူပင်များကိုပါ စိုက်ပျိုးရန် မှာကြားပြီး တိုင်းမှူးဗိုလ်ချုပ်သာအေးက ရုံးပင်ကျေးရွာအတွက် အားကစား ပစ္စည်းနှင့် စာအုပ်များကို ပေးအပ်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကပွက်ကျေးရွာအနီးတွင် စက်ယန္တရားများဖြင့် လမ်းဖောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရွှေဘို-မြစ်ကြီးနားလမ်းသို့ ပြန်လည်ထွက်ခွာကာ ကန့်ဘလူမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အထက(၃)ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၆

အထက(၃)ကြည့်မြင်တိုင်၏ အဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက်က အဆိုပါကျောင်းဝင်းအတွင်း စကားဖြူခန်းမတွင် ကျင်းပသည်။ နံနက်၅နာရီခွဲတွင် ဆရာတော် သံဃာတော်များအားပင့်ဖိတ်ပြီး ကွယ်လွန်သူ ဆရာကြီး ဆရာမကြီးများအားရည်စူး၍ ရေစက်ချ အမျှပေးဝေကြသည်။

နံနက်၁၀နာရီတွင် တက်ရောက်လာကြသော ကန်တော့ခံဆရာကြီး၊ ဆရာမကြီးတို့အား ကျောင်းသားဟောင်း ဦးတင်ဝင်း-ဒေါ်စန်းကြည်မိသားစုတို့က လှူဒါန်းသော ဘုရားငါးဆူပုံတော်ကို မဟာဒုက်ကံစမ်းမဲဖောက်၍ လှူဒါန်းပြီး ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ခံပစ္စည်းများ ပေးအပ်လှူဒါန်းကန်တော့ကြသည်။

ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးဝင်းကြူ ၊ ဆရာဦးခင်အောင်ဖိုလ်၊ ဆရာမကြီး ဒေါ်ကျင်စိန်၊ ဆရာမကြီးဒေါ်စန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနွယ်အောင်တို့က ဆုံးမဩဝါဒစကားပြောကြားကြောင်း သိရသည်။ **(က-ပ)**

သကြၤန်ယောဂီ စာရင်းပေးသွင်းနိုင်

ရန်ကုန် မတ် ၆

ဗဟန်းမြို့နယ် အမှတ်၁၆ မဟာစည်သာသနာ့ရိပ်သာဟိတေသီအဖွဲ့၏ စုဘူးများ နှစ်သစ်ကူးပဒေသာပင် လှူဒါန်းနိုင်ရန်စီစဉ်ထားသဖြင့် မတ်၁၅ ရက်မှ စ၍စုဘူးများအပ်နှံနိုင်ပြီး သကြၤန်ယောဂီစာရင်းများကို ဟိတေသီအဖွဲ့ ဖုန်း-၅၅၅၄၇၂ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၂၈ရက်က ပန်းဘဲတန်း မြို့နယ် အမှတ် (၃) ရပ်ကွက်ရုံးတွင်နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာခရိုင်ပြန်/ဆက် ဦးစီးအရာရှိဦးတင်ကိုနှင့် မြို့နယ် ဥက္ကဋ္ဌဦးကျော်မြင့်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(ခရိုင်ပြန်/ဆက်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ကချင်ရိုးရာဝတ်စား ဆင်ယင်မှု
၇:၁၀	တေးဂီတအစီအစဉ်
၇:၁၅	လက်ဖက်စိုက်ပျိုးနည်း
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ကာယဗလလေ့ကျင့်မှု အကျိုးနှင့် အခြေခံကာယဗလ လေ့ကျင့်နည်းများ အပိုင်း(၂)
၇:၅၀	တေးဂီတအစီအစဉ်
၇:၅၅	ပြည်တွင်းသတင်းအကျဉ်း
၈:၀၅	သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်)
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	ဖုန်ခါတံပြုလုပ်နည်း အဆင့်ဆင့်
၈:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	Sunday Talk
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၀	ကျက်သရေတင့်တယ်လှစေမယ် (အပိုင်း-၁)
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန
၁၀:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	ကုန်ပစ္စည်းမိတ်ဆက်(Osim)
၁၁:၂၀	မိုးလေဝသခန့်မှန်းချက်
၁၁:၂၅	မြန်မာနိုင်ငံသစ်တောကျောင်း
၁၁:၃၀	ဗွီစီဒီမိတ်ဆက် (ချစ်ကောင်း-ကော်ဖီခါးခါးရဲ့အလှည့်-၄)
၁၁:၅၀	ပိုက်ဆက်အတတ်ပညာ
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်		လိုင်း
၂:၀၀	Barcelona-Chelsea	5-Sports (Live)
	Juventus-Werder Bremen	5-Movies (Live)

တောင်ဝင်ရိုးစွန်းဒေသတွင် အချင်း၁၀မီတာရှိ
အဏုကြည့်မှန်ပြောင်းတပ်ဆင်

လန်ဒန် မတ် ၆

ကမ္ဘာ့မြေပြင်ရှိ နယ်မြေဒေသအများအပြားနှင့် အခြားမြေမျက်နှာပြင် ရပ်ဝန်းများ၏ အသေးငယ်ဆုံး အစိတ်အပိုင်းကလေးများ၏ လှုပ်ရှားပြောင်းလဲမှုကို လေ့လာသိရှိနိုင်ရန်အတွက် တောင်ဝင်ရိုးစွန်းရှိ သုတေသန စခန်းတွင် အချင်း၁၀မီတာရှိသော အဏုကြည့်မှန်ပြောင်းတစ်ခုကို တပ်ဆင်နေပြီဖြစ်သည်။

ဖော်ပြ

အဆိုပါ အဏုကြည့်မှန်ပြောင်းသည် မြေမျက်နှာပြင် အနေအထားပြောင်းလဲမှုကို အသေးစိတ် ပုံဖော်နိုင် မည်ဖြစ်ပြီး ကြည်လင်ပြတ်သားသော ပုံရိပ်များကို ဖော်ပြပေးနိုင်မည်ဖြစ်သည်။

ကင်းရှင်း

ထိုသို့ မြေမျက်နှာပြင် အနေအထားကို ကြည့်ရှုလေ့လာရာတွင်လည်း မြေမျက်နှာပြင်မှ အလင်းပြန်မှုများနှင့် အခြားအနှောင့်အယှက်ဖြစ်စေမည့် ဖြစ်ရပ်များမှလည်း ကင်းရှင်းစေရန် ပြုလုပ်ထားသည်။

ထူးခြား

ထိုအဏုကြည့်မှန်ပြောင်းသည် မြေမျက်နှာပြင်၏ နှစ်မီလီမီတာ အကျယ်အဝန်းမှသည် ၎င်းထက်အဆ ပေါင်းများစွာ ကြီးမားသည့် မြေပြင်အကျယ်အဝန်း၏ မြေမျက်နှာပြင်ဆိုင်ရာ ထူးခြားသော ပြောင်းလဲမှုများကို စောင့်ကြည့်ရာတွင် အကျိုးပြုနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**



တောင်ဝင်ရိုးစွန်း သုတေသနစခန်းရှိ အဏုကြည့်မှန်ပြောင်းကို တွေ့ရစဉ်။

အမေရိကန်၏စွပ်စွဲချက် အထောက်အထားပြရန် ပါရာဂွေးတောင်းဆို

ဗျူနိုအေရီးစ် မတ် ၆

ပါရာဂွေးရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးများ မှောင်ခိုရောင်းဝယ်နေခြင်းအား အကာအကွယ်ပေးနေသည်ဟု အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်နှင့်ပတ်သက်၍ သက်သေအထောက်အထားများပြသရန် ပါရာဂွေးအစိုးရက မတ်၃ရက်၌ တောင်းဆိုလိုက်သည်။

ခိုင်လုံသောသက်သေ အထောက်အထားများမရှိဘဲ စွပ်စွဲခြင်းသည် အလွန်ထိခိုက်နစ်နာကြောင်း ပါရာဂွေးပြည်ထဲရေးဝန်ကြီး ဘင်နီတက်က သတင်းထောက်များအား ပြောကြားလိုက်သည်။

ပါရာဂွေးနိုင်ငံရှိ အမေရိကန်သံရုံးမှ နှစ်စဉ်ထုတ်ပြန်သော အစီရင်ခံစာကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာတွင် ပါရာဂွေးနိုင်ငံသည် ရဲတပ်ဖွဲ့ဝင်များ အာဂတိလိုက်စားမှုနှင့် ပြည့်စုံမှုမရှိသော တရားစီရင်ရေးစနစ် များကို တွေ့ကြုံခံစားနေရပြီး ယင်းအကြောင်းအချက်များသည် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုကို အထောက်ကူပြုရန် အကြောင်းများဖြစ်ပေါ်ခဲ့သည်ဟု ဖော်ပြထားသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်များနှင့်ပတ်သက်၍ ပြည်ထဲရေး ဝန်ကြီး ဘင်နီတက်က တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဥရောပ၌ဆီးနှင်းများ ထူထပ်စွာကျဆင်း
လူခြောက်ဦးထက်မနည်းသေဆုံး

မြူးနစ် မတ် ၆

ဥရောပနိုင်ငံများဖြစ်သည့် ပြင်သစ်၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံများ တွင် ယခုရက်ပိုင်းအတွင်း ဆီးနှင်းများ ထူထပ်စွာ ကျရောက်သဖြင့် လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ထို့ပြင် အဆိုပါနိုင်ငံများရှိ မြို့အချို့၌ လျှပ်စစ်မီးများ ပြတ်တောက်ခြင်း၊ လမ်းများပိတ်ဆို့ခြင်း စသည့်တို့ ဖြစ်ပွားခဲ့သည်။

ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ယခုရက်အတွင်း ဆီးနှင်းများ ထူထပ် သိပ်သည်းစွာ ကျဆင်းလျက်ရှိရာ နေရာအနှံ့ ဆီးနှင်းခဲများ ဖုံးလွှမ်းလျက် ရှိသည်။

ရွှေ့ဆိုင်းထား

မြူးနစ်မြို့ရှိဖရင့်ဇ်ဂျို့ဖ်စထရက်စ် လေဆိပ်တွင် ဆီးနှင်းများ အဆက် မပြတ်ကျဆင်းမှုကြောင့် လေဆိပ်အတွင်းဆီးနှင်းထု လေးလက်မအထိ မြင့်တက်လျက်ရှိသဖြင့် ဆီးနှင်းများ ဖယ်ရှားရာတွင် ထရပ်ကားများသုံး၍ ဖယ်ရှားရလျက်ရှိသည်။ ထိုသို့လေဆိပ်အတွင်း ဆီးနှင်းများ ထူထပ်စွာကျဆင်းမှု ကြောင့် လေယာဉ်ခရီးစဉ်အချို့ ရွှေ့ဆိုင်းထားခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေ

ပေကျင်း မတ် ၆

တရုတ်နိုင်ငံ ကွမ်စီကျွမ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လက်ဖက်စိုက်ခင်း တွင် တောင်သူများလက်ဖက်ခူးနေသည်ကို မတ်၄ရက်က တွေ့ရစဉ်။ **(အပေါ်ပုံ)**

တရုတ်နိုင်ငံအစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေ ပြည်သူများအား ကူညီထောက်ပံ့ရန်အတွက် တရုတ်ယွမ်ငွေ ၃၃၉ဒသမ ၇ ဘီလီယံသုံးစွဲသွားမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က ကျင်းပသည့် ပါလီမန်တွင် ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

စီးပွားရေးအင်အားတောင့်တင်းလာသော တရုတ်နိုင်ငံသည်နိုင်ငံတစ်ဝန်းရှိ ချမ်းသာကြွယ်ဝလာသော မြို့ကြီးများနှင့် ကျေးလက်များအတွင်း ကွာဟချက် များ ကျဉ်းမြောင်းလာအောင်လုပ်ဆောင်သွားမည်ဟုဆိုသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဟောင်ကောင်ရှိ ဗစ်တိုရီးယားဥယျာဉ်၌ ကျင်းပသော ပန်းပြပွဲတွင် ပြသထားသည့် ပန်းအလှပင်များအား ကလေးငယ်များ လာရောက်၍ ပန်းချီဆွဲနေကြသည်ကို မတ်၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီနိုင်ငံမြူးနစ်မြို့၌ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုကြောင့် လမ်းများပေါ်၌ ရပ်ထားသောစက်ဘီး ဆီးနှင်းများဖုံးလွှမ်းနေစဉ်။ (အင်တာနက်)

ဗြိတိသျှယာဉ်မောင်းများ အချက်ပြသင်္ကေတမီးများကိုပင်မသိ

လန်ဒန် မတ် ၆

ဗြိတိသျှယာဉ်မောင်း သန်းပေါင်းများစွာတို့သည် ယာဉ်မောင်းရှေ့ ဒိုင်ခွက်ထဲမှ သင်္ကေတများက ဘာဆိုလိုသည်ကို မသိကြကြောင်း၊ အထူးသဖြင့် အမျိုးသားများထက် အမျိုးသမီးများပိုဆိုးကြောင်း သုတေသနပြုစာတမ်းတစ်ရပ်တွင် မတ်၃ရက်က ဖော်ပြသည်။

ယာဉ်မောင်းများသည် ကားကို မောင်းနေကြသော်လည်း အချက်ပြသင်္ကေတမီးများကိုပင် မသိရှိကြရာ အမျိုးသမီး ၄၇ရာခိုင်နှုန်းနှင့် အမျိုးသား ၃၃ ရာခိုင်နှုန်းရှိသည်ဟု ဆိုထားသည်။

အစီရင်ခံ

အဓိက ရှေ့မီးကြီး အချက်ပြ သင်္ကေတမသိရှိသူမှာ အမျိုးသမီး ၃၉ ရာခိုင်နှုန်း၊ အမျိုးသား ၂၈ရာခိုင်နှုန်း ရှိသည်ဟု အေနှစ်လုံးမော်တော်ယာဉ် အဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

လက်ဆွဲဘရိတ်မီး မသိရှိမှုမှာ အမျိုးသမီး ၁၂ရာခိုင်နှုန်းနှင့် အမျိုးသား ၇ရာခိုင်နှုန်း ရှိသည်။ ယင်းကဲ့သို့ မသိရှိမှုကြောင့် အမျိုးသမီးယာဉ်မောင်းများသည် ညပိုင်း ယာဉ်မောင်းသည့်အခါ စိုးရိမ်စရာဖြစ်လာကြောင်း အဆိုပါ အဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်ပေါင်း ၁၈၀၀ ခန့်က ရွှေဒင်္ဂါးပြား

လွန်ခဲ့သော နှစ်ပေါင်း ၁၈၀၀ခန့်က ရွှေဒင်္ဂါးပြားတစ်ပြားကို တွေ့ရစဉ်။

အဆိုပါ ရွှေဒင်္ဂါးပြားတွင် အေဒီ ၆၅ ခန့်က ရောမအင်ပါယာကို အုပ်စိုးခဲ့သော နေရိုဘုရင်၏ ဦးခေါင်းပုံပါရှိပြီး ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသည့် ဒင်္ဂါးပြားဖြစ်သည်။ ၎င်းရွှေဒင်္ဂါးပြားကို လန်ဒန်မြို့တွင် မြေအောက်မှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နှစ်ပေါင်း ၂၀၀၀ ကျော်က ကျေးရွာ

တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၂၀၀၀ ကျော်က ကျေးရွာတစ်ရွာကို တူးဖော်နေစဉ်။

အဆိုပါ ကျေးရွာကို တရုတ်နိုင်ငံမြောက်ပိုင်း ဟီနန်ပြည်နယ် ဟန်ကျန်စီရင်စုတွင် မြေအောက်မှ တူးဖော်တွေ့ရှိရခြင်းဖြစ်သည်။ ၎င်း ကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က မြစ်ဝါမြစ်မှ ရေလွှမ်းပြီး နုန်းတင်မြေများဖြင့် မြေအောက်၌ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံရှိ မြစ်နှင့်ချောင်းများ ပိုးသတ်ဆေးများကြောင့် ညစ်ညမ်းလျက်ရှိ

ဝါရှင်တန် မတ် ၆

အမေရိကန်နိုင်ငံရှိ မြစ်များနှင့်ချောင်းများတွင် ၁၉၉၂နှင့် ၂၀၀၁ ခုနှစ် ကာလအတွင်းက ပိုးသတ်ဆေးများ ပါဝင်နေသောကြောင့် ညစ်ညမ်းမှုများဖြစ်ကာ လူများစွာတို့၏ကျန်းမာရေးကို ထိခိုက်လျက်ရှိသည်ဟု ဘူမိဗေဒဆိုင်ရာ လေ့လာ ချက်ကို မတ် ၃ ရက်က ထုတ်ပြန်ခဲ့သည်။

ဆက်နွှယ်

ယင်းလေ့လာ တွေ့ရှိချက်အရ ပိုးသတ်ဆေးများကို များသောအားဖြင့် ရေအောက်တွင် တွေ့ရှိနေရကြောင်း၊ ကျေးလက်နှင့် စိုက်ပျိုးမြေများအတွင်းသို့ စီးဝင်နေသော ရေများတွင် ပိုးသတ်ဆေးများကြောင့် ညစ်ညမ်းနေသည်ကို တွေ့ရှိရကြောင်း၊ ရေများ ညစ်ညမ်းနေမှုကြောင့် ရေနေသတ္တဝါများနှင့် ငါးများကို စားသောက်နေသော တောရိုင်း တိရစ္ဆာန်များကို ထိခိုက်နိုင်ကြောင်း၊ ထို့အပြင် ပိုးသတ်ဆေးများသည် လူတို့တွင် ကင်ဆာရောဂါဖြစ်ပွားမှု၊ ကလေးမီးဖွားရာတွင် ထိခိုက်ဆုံးရှုံးမှု၊ အာရုံကြောဆိုင်ရာ ရောဂါများဖြစ်ပွားမှုနှင့် ဆက်နွှယ်လျက်ရှိကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

မေးခွန်းများထွက်ပေါ်

ပိုးသတ်ဆေးများကို အသုံးပြုခြင်းကြောင့် စားနပ်ရိက္ခာ ထုတ်ကုန်များ တိုးတက်ခဲ့ပြီး အင်းဆက်ပိုးများကြောင့် ဖြစ်ပွားသော ရောဂါများ လျော့ကျမှု အပါအဝင် အင်းဆက်ပိုးများနှင့်အခြား သစ်ပင်ဖျက်ပိုးများ အန္တရာယ်မှထိန်းချုပ်နိုင်သော်လည်း သဘာဝပတ်ဝန်းကျင် အပေါ်ကျရောက်လာမည့်ထိခိုက်နစ်နာမှုများနှင့်ပတ်သက်၍ မေးခွန်းများထွက်ပေါ်လာခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ် ကာကွယ်ရေးဘတ်ဂျက်တိုးမြှင့်

ပေကျင်း မတ် ၆

တရုတ်နိုင်ငံ၏ ၂၀၀၆ခုနှစ် ကာကွယ်ရေးဘတ်ဂျက်သည် ယွမ်ငွေ ၂၈၀ ဒသမ ၇၂၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံကျော်)ရှိကာ ၁၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း မတ် ၅ ရက်က ထုတ်ပြန်လိုက်သော ဘတ်ဂျက်အစီရင်ခံစာတွင် ဖော်ပြသည်။

ယမန်နှစ်ကထက် ယွမ်ငွေ ၃၆ ဒသမ ၀၂၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ) မြင့်တက်လာသည်။

တင်ပြထား

ယင်းဘတ်ဂျက်တိုးလာမှုသည် စစ်ပွဲတစ်ပွဲကို တိုက်ခိုက်သည့် ကြည်းတပ် အင်အားတောင့်တင်းလာရန်လည်းကောင်း၊ အရေးပေါ်အခြေအနေများ တုံ့ပြန်ဆောင်ရွက်ရန်လည်းကောင်း၊ တပ်ဖွဲ့ဝင်များ၏ လစာတိုးပေးရန်လည်းကောင်း ဖြစ်သည်ဟု တရုတ်ပြည်သူ့ကွန်ဂရက်က တင်ပြထားသည်ကို အဆိုပါအစီရင်ခံစာ၌ ဖော်ပြသည်။

ဖြေကြား

တရုတ်နိုင်ငံ၏ စစ်တပ်သည် အခြားသော နိုင်ငံများဖြစ်သော အမေရိကန်၊ ဗြိတိန်၊ ဂျပန်နှင့် ပြင်သစ်တို့နှင့်ယှဉ်လျှင် အဆင့်နိမ့်ကျနေသေးကြောင်း မတ် ၄ ရက်ကကျင်းပသော တရုတ်ပြည်သူ့ကွန်ဂရက် နှစ်ပတ်လည် အခမ်းအနား၌ သတင်းထောက်များက မေးမြန်းသည်ကို ပြောခွင့်ရပုဂ္ဂိုလ် ကျန်အင်နိဖူးက ဖြေကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကုလ ဒုတိယအတွင်းရေးမှူးချုပ် ဗြိတိန်မှ မာလော့ချ်ဘရောင်းဖြစ်လာ

ကုလသမဂ္ဂ မတ် ၆

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နေရာကို ဗြိတိန်နိုင်ငံသား မတ်မာလော့ချ်ဘရောင်းအား ရွေးချယ်လိုက်ကြောင်း၊ ၎င်းအားကနေဒါမှ လွှဲကြဆေးဖရီချက်တီ၏ နေရာတွင် အစားထိုးခန့်အပ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက မတ် ၃ ရက်၌ ကြေညာလိုက်သည်။

အကြီးအကဲဖြစ်လာ

မာလော့ချ်ဘရောင်း (၅၂)နှစ်သည် ၂၀၀၅ခုနှစ် ဇန်နဝါရီလက ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးနှင့် အီရတ်၌ အစားအစာအတွက် ရေနံအစီအစဉ်နှင့် ငြိမ်းချမ်းရေးတပ်ဖွဲ့များက လိင်မှုဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ ကိုင်တွယ်ဖြေရှင်းရန် အပြောင်းအလဲပြုလုပ်စဉ် ကိုဖီအန်နန် ဝန်ထမ်း၏ အကြီးအကဲဖြစ်လာသည်။

တရားဝင်

၎င်းအား လွန်ခဲ့သောလများက ရာထူးတိုးမြှင့်မည်ဟူသော သတင်းကို ငြင်းဆိုထားခဲ့သည်။ သို့ရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ၎င်း၏အဓိကဝန်ထမ်းများ နုတ်ထွက်သွားပြီးနောက် ၎င်း၏ အမှုဆောင်အရာရှိရုံး အကြီးအကဲကို အပြောင်းအလဲလုပ်ရန် သံတမန်များအား အသိပေးခဲ့ပြီး အဆိုပါပုဂ္ဂိုလ်သည် တရားဝင် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် ဖြစ်လာသည်။

သက်တမ်းကုန်ဆုံး

ကိုဖီအန်နန်သည် ၂၀၀၆ ခုနှစ် အကုန်တွင် ဒုတိယငါးနှစ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဝတ်ဆင်ပြသ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပသော ဆောင်းဦးရာသီ ဖက်ရှင်ဒီဇိုင်းပြပွဲတွင် မော်ဒယ်တစ်ဦး အလက်ဇန္ဒားမက်ကွင်း ပြုလုပ်ဖန်တီးထားသည့် ဖက်ရှင်ဒီဇိုင်းပုံစံအား ဝတ်ဆင်ပြသနေသည်ကို မတ် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆုယူအပြီးပြုံးပျော်

နီကာရာဂွာနိုင်ငံ မာနာဂွာမြို့တွင် ကျင်းပသော အလှမယ်ပြိုင်ပွဲ၌ သရဖူဆွတ်ခူးခဲ့သော ခရစ်တီနာ ဖရီဆုန်း ဆုယူအပြီး ပြုံးပျော်နေသည်ကို မတ် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မကွေးတိုင်း နတ်မောက်မြို့ ဗိုလ်တေဇအားကစားခန်းမကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(အား/ကာ)

● **ကျောဖုံးမှ**

အခမ်းအနားတွင် အားကစားခန်းမသစ်ကို မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးက ဖွင့်ပွဲအထိမ်းအမှတ်ကြေးပြား မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်တက်ရောက်လာသော ဧည့်သည်တော်များသည် အားကစားခန်းမသစ်ရှေ့၌ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အားကစားခန်းမသစ်အတွင်း ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်က အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး ဝန်ကြီးက မကွေးတိုင်း အားကစားနှင့်ကာယပညာကော်မတီသို့ ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘောနှင့် လက်ဖွေ့အားကစားပစ္စည်းများ၊ မကွေးခရိုင်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်သို့ ငွေကျပ် ၄၆၀၀၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများနှင့် လူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မကွေးတိုင်းတွင် စုစည်းလေ့ကျင့်လျက်ရှိသော အသက်(၁၃)နှစ်အောက်၊ အသက်(၁၅)နှစ်အောက်၊ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးအသင်းများအတွက် ငွေကျပ် ခြောက်သိန်းကျော် တန်ဖိုးရှိ ဘောလုံးအားကစားပစ္စည်းများ၊ ဘောလုံးနည်းပြခြောက်ဦးအတွက် နည်းပြထောက်ပံ့ငွေကျပ် ၁၄၇၀၀၀ တို့ကို ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ပေးအပ်

ယင်းနောက် အားကစားခန်းမသစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို အားကစားခန်းမသစ် တာဝန်ယူ တည်ဆောက်ခဲ့သော အောင်မြင်ဆောက်လုပ်ရေးမှ ဦးဇော်မင်းကပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က လက်ခံပြီး ဖွင့်ပွဲအထိမ်းအမှတ်အလံများကို မကွေးတိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက ဝန်ကြီးနှင့် ဧည့်သည်တော်များအား ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာ့သိုင်း၊မြန်မာ့ရိုးရာ ခြင်းလုံးအားကစားအဖွဲ့များနှင့် ပဝါအက၊ ကဗျာလွတ်အကအဖွဲ့များက သရုပ်ပြသကြပြီး ဝန်ကြီးက သရုပ်ပြအဖွဲ့များကို ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းကာ ဝန်ကြီးက အခမ်းအနားသို့တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခုဖွင့်လှစ်သည့် ဗိုလ်တေဇအားကစားခန်းမသစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ ပေရှိ ကျွန်းလျှာထိုး တစ်ထပ်ကြမ်းခင်း အဆောက်အအုံဖြစ်ပြီး ယခင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် အားကစားရုံအစား နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် ၄၃၆ သိန်း၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၅၄ သိန်း၊ ယခင်အားကစားခန်းမဟောင်းမှ ဆယ်တင်ပစ္စည်းတန်ဖိုးကျပ်သိန်း၅၀ တို့ဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၅၄၀ အကုန်အကျခံတည်ဆောက်ထားခြင်းဖြစ်ကာ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင် အပါအဝင် ရုံတွင်းအားကစားနည်းအားလုံးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

ဖြည့်ဆည်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးတိုင်း ပျော်ဘွယ်မြို့သို့ရောက်ရှိပြီး မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဝင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များကို တွေ့ဆုံ၍ အားကစားတိုးတက်မြင့်မားရေး မှာကြားကာ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး မြို့နယ်အားကစားကွင်းနှင့် တင်းနစ်အားကစားကွင်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ်၁၅ရက်မှ၁၉ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဗုဒ္ဓပူဇနီယအကြို တရားပွဲများအဖြစ် မတ် ၁၅ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ မတ် ၁၆ရက်တွင် မေတ္တာရှင်အရှင်ဇဝန၊ မတ် ၁၇ ရက်တွင် ရွှေပြည်ဟိန်း သီတဂူကြာတစ်ပွင့် အရှင်ခေမာသီရိလင်္ကာရနှင့် မတ် ၁၈ ရက်တွင် ရွှေလင်းယုန် ဆရာတော်ဦးအရဝိန္ဒာဘိဝံသတို့က ယင်းစေတီတော်မြတ်ကြီး၏ ဓမ္မာရုံသစ်ကြီး၌ ညစဉ် တရားချီးမြှင့်ကြမည်ဖြစ်သည်။

ဆွမ်းတော်ကြီးတင်ပွဲ

မတ် ၁၈ ရက် ညနေ ၄ နာရီမှ စတင်၍ ဆွမ်းတော်ကြီးတင်ပွဲများကို လက်ခံပြီး မတ်၁၉ရက် အရုဏ်တက်ချိန်တွင် ဆရာတော်၊သံဃာတော် ၁၅ပါးတို့က စေတီတော်မြတ်ကြီးအား အနေကဇာတင်ခြင်းနှင့် ဆွမ်းတော်ကြီးတင်ပွဲ ပြုလုပ်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

မတ် ၁၉ ရက် ညနေ ၄နာရီခွဲ တွင် ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါး အပါအဝင် ဆရာတော်၊ သံဃာတော် ၁၅၅ ပါးနှင့် သီလရှင် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်၍ ကုသိုလ်ပြုလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြင်းခြံဆရာတော်တစ်နှစ်ပြည့်ပူဇော်ပွဲ

ရန်ကုန် မတ် ၆

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် ပုလဲရတနာလမ်း နိကာယ်စာသင်တိုက်ကြီးတွင် ပျံလွန်တော်မူပြီးဖြစ်သော မြင်းခြံဆရာတော်၏ တစ်နှစ်ပြည့်ပူဇော်ပွဲနှင့် ကြေးသွန်းရုပ်တုဖွင့်ပွဲအခမ်းအနားအဖြစ် မတ် ၇ ရက် (တပေါင်းလဆန်း ၉ရက်)အင်္ဂါနေ့ည ၇ နာရီတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာပဏ္ဍိတ မန္တလေးမြို့ ဝါခင်းကုန်း ဆရာတော် ဘဒ္ဒန္တ တိက္ခသည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟုသိရသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို နဝမနှစ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အထိမ်းအမှတ် ယင်လုံအိမ်သာနှင့် သန့်(၄)သန့်အကြောင်းဟောပြောပွဲကို မတ် ၅ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်မိမိတင်က ရပ်ကွက်အသင်းခွဲများသို့ ယင်လုံအိမ်သာအတွက် ပစ္စည်းများပေးအပ်စဉ်။ (က-ပ)

☆ **ကျောဖုံးမှ**

အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ဗြိတိန်မင်းသမီးရာချယ်ဝီအက်စ်က The Constant Gardener ရုပ်ရှင်ဇာတ်ကားဖြင့် ရရှိပြီး အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို ဂျော့ကလုန်းနေးက Syriana ရုပ်ရှင်ဇာတ်ကားဖြင့် ရရှိသည်။

အကောင်းဆုံး ဒါရိုက်တာဆုကို အန်းလီက ˚Brokeback Mountain ရုပ်ရှင်ဇာတ်ကားဖြင့် အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

(ကိုးကားချက်-အင်တာနက်)



မိတ်ကပ် ပြင်ဆင်ဆု

အကောင်းဆုံး မိတ်ကပ်ပြင်ဆင် ဆု ကို ရရှိသွား သည့် ဟိုဝပ်ဘာဂါနှင့် တာမီလိန်း။ (ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု

အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင် ဆု ရရှိ သွား သည့် ရီးစီဝီသာစပွန်း။ (ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူဆုကို "Crash" ရုပ်ရှင် ရိုက်ကူး ထုတ်လုပ်သူ ပေါလ်ကာဂစ်နှင့် ကာသေး စချူမင်း။ (ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ ဆု ရရှိ သွား သည့် ရာချယ်ဝီအက်စ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုးဘွဲ့ရဆရာတော်ဓမ္မသဘင်

ရန်ကုန် မတ် ၆

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ သာသနာပြုနယ်လှည့်ဓမ္မကထိက နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် မတ်၁၁ရက်တွင် သန်လျင်မြို့နယ် ပုဂံတောင်ကျေးရွာများ မလွန်ဆန်လှူ ဓမ္မသဘင်၊ ၁၂ရက်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ပရိယတ္တိစာပြန်ပွဲ ဓမ္မသဘင်၊ ၁၃ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အစိုးရက ဆက်ကပ်သည့် သဒ္ဓမ္မဇောတိကဓဇဘွဲ့ယူရန်နှင့် ညရနာရီတွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် သီရိမင်္ဂလာလမ်း ရတနာဗောဓိစာသင်တိုက် ဓမ္မသဘင်၊ ၁၄ရက်နှင့် ၁၅ရက်တို့တွင် ကော့မှူးမြို့နယ် မလွန်ဆန်လှူဓမ္မသဘင်၊ ၁၇ရက်နှင့်၁၈ရက်တို့တွင် မွန်ပြည်နယ် ဘီးလင်းမြို့ ဓမ္မစံအိမ်မှူးအဖွဲ့ ထေရဝါဒဓမ္မသဘင်၊ ၁၉ရက်နှင့် ၂၀ရက်တို့တွင် မွန်ပြည်နယ် ဇင်းကျိုက်ကျေးရွာ ဓမ္မဒါယီအဖွဲ့ ထေရဝါဒဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

တရားပွဲရက် ရရှိပြီးသူများသည် မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် သမိုင်းလမ်းဆုံအနီး ကုလားကျောင်းမှတ်တိုင် အောင်မေတ္တာလမ်းသွယ်(၁)ရှိ မယ်တော်ကြီးဒေါ်ညို ဖုန်း-၀၁-၇၀၈၄၀၃၊ တစ်ဆင့်ဖုန်း-၀၁-၆၆၄၉၀၉တို့သို့ ဆက်သွယ်ပင့်ဆောင်ကြရန်ဖြစ်ကြောင်း သိရသည်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

တပေါင်းလပြည့်နေ့ သောက်ရေသန့်ဘူးများဒါနပြုပွဲ

ရန်ကုန် မတ် ၆

၁၃၆၇ ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓပူဇနိယပွဲတော်နေ့မတ်၁၃ရက် (တနင်္လာနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ၊ သောကြာထောင့်၊ မြောက်ဘက်မုခ် စောင်းတန်းအနီး၊ ဝေနေယျသုခ ဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော်အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့ အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် သောက်ရေသန့် ဘူးပေါင်းသုံးသောင်းကျော် ငွေကျပ် ၁၅သိန်းခွဲ ကျော်ဖိုးကိုတစ်နေကုန် စတုဒိသာ ဒါနပြု လှူဒါန်းမည်ဖြစ်သည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်း ငါးသိန်း ခြောက်သောင်း လှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုကြရန်နှင့် ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင်အနည်းဆုံးကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆ နှင့် ဖုန်း-၃၈၃၅၁၁၊ လိုင်းခွဲ ၁၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဆရာတော်ကြီးများအား ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၆

၂၀၀၆ခုနှစ်တွင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရတော်မူသော မွန်ပြည်နယ်မှ ဆရာတော်ကြီး၁၄ပါးတို့အားပူဇော်ပွဲကို မတ်၁၄ရက် (အင်္ဂါနေ့) ညနေ၄နာရီတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် မော်လမြိုင် ဓမ္မာရုံ ဖုန်း-၂၅၆၁၅၇နှင့်သက်ဆိုင်ရာမြို့နယ်များမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မတ်၂ရက်က တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မာလာနွယ်လမ်း ဘုံဘောကျောင်းတိုက်၌ နှစ်ထပ်ဆွမ်းစားကျောင်းဆောင် ဆောက်လုပ် ရန်အတွက် ဗဟန်းမြို့နယ်ဆရာစံရပ်ကွက်အမှတ်(၉၀)နေ ကျောင်းအမ ကြီးဒေါ်ခင်အုန်းမြင့်မိသားစုက အလှူတော်ငွေကျပ်သိန်း ၁၇၀ ပေးအပ် လှူဒါန်းစဉ်။

(သတင်းစဉ်)

ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်တရားပွဲ

ရန်ကုန် မတ် ၆

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ လက်ဝဲအောက် ဓာတ်စွယ်တော်မြတ်ကိုပွားယူပင့်ဆောင်၍ တည်ထားကိုယ်းကွယ်အပ်သော စွယ်တော် ရတနာစေတီ ပူဇော်ပွဲ၌ တရားပွဲများ ကျင်းပမည်ဖြစ်ရာ မတ်၁၀ရက်နေ့၌ ဓမ္မစေတီ ဆရာတော် အရှင်ကောသလ္လ မတ်၁၁ရက်၌ မဇ္ဈိမဂုဏ်ရည် ဆရာတော် အရှင်ကောဝိဒ၊ မတ်၁၂ရက်၌ ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊ မတ်၁၃ရက်၌ဓမ္မဒူတဆရာတော်အရှင်ဆေကိန္ဒ၊ မတ်၁၄ရက်၌ ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတို့က ညစဉ်၇နာရီမှစ၍ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဇီဝိတဒါန သံဃာ့ဆေးရုံရှေ့ ရေခဲဆိုင်မှတ်တိုင် ဗဟန်းမြို့နယ်တွင် တရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ (က-ပ)

တောင်ငူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၆

တောင်ငူအသင်း (အုတ်တွင်း၊ ထန်းတပင် အပါအဝင်)၏ ဘွဲ့ခံဆရာတော် ခုနစ်ပါးပူဇော်ပွဲ၊ သီရိသုဓမ္မသီဂိဘွဲ့ရ ဒေါ်သန်းသန်းနွဲ့ (ကြယ်နီဆေးပေါ့လိပ်)အား ဂုဏ်ပြုပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို မတ်၁၅ရက် နံနက်၈နာရီ တွင်ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြားတောရလမ်း ဇေယျာအောင်မြေဓမ္မသုခတိုက်၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးထွန်းထွန်း (ဘုရင့်နောင်သင်္ကန်းတိုက်) ဖုန်း-၀၉-၅၀၀၁၉၀၃၊ ၅၄၃၉၅၈၊ ဦးတင်လှ ၃၅၊ သုခလမ်း၊ ကျောက်မြောင်း၊ ဖုန်း-၇၂၂၇၈၅၊ဒေါ်မြင့်မြင့်စန်း အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ် ဖုန်း ၀၉-၅၁၂၅၄၄၅၊ ၅၁၉၅၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၆၁)နှစ်မြောက်တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ဆုရရှိသူများအမည်စာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၆

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာ၊ အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် စစ်ချီစစ်ရေးတေးပြိုင်ပွဲများမှ ဆုရရှိသူများအမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

စစ်ချီတေးပြိုင်ပွဲတွင် ကြည့်မြင်တိုင်မြို့နယ်မှ ဒီဃဦး၏ **"အမျိုးကိုချစ်သော တပ်မတော်"**က ပထမ၊ မြဝတီရုပ်သံမှ ဝင်းထွန်း(မြဝတီ)၏ **"နိုင်ငံတော်အတွက် ကြည်း၊ရေ၊လေ"**က ဒုတိယ၊ တောင်ဥက္ကလာပမြို့နယ်မှ လေးနိုင်မင်း (မြဝတီ)၏ **"ကြည်းရေလေတို့တပ်မတော်"**က တတိယအသီးသီးရရှိကြပြီး အထူးဆုများအဖြစ် အင်းစိန်မြို့နယ်မှ လင်းကျော်၏**"ပြည်သူနှင့်အတူ"**၊ သဃ်္ဃန်းကျွန်းမြို့နယ်မှ စောရန်ကျော်၏ **"ပြည်သူနဲ့တပ်မတော်"**၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှ နေမွန်ရွှေဝင်း၏ **"သမိုင်းကြောင်းကောင်းတဲ့ တပ်မတော်"**တို့က အသီးသီးရရှိကြသည်။

စစ်ရေးတေးအဆင့်(၁)

စစ်ရေးအဆင့်(၁)ပြိုင်ပွဲတွင် ရွှေပြည်သာမြို့နယ်မှ တက္ကသိုလ်အေးကို၏ **"တပ်နှင့်ပြည်သူအောင်လံထူ"**က ပထမ၊ တာမွေမြို့နယ်မှ ထွန်းထွန်းမင်း၏ **"ကြည်းရေလေ၏ ပန်းတိုင်ခရီး"**က ဒုတိယ၊ စမ်းချောင်း မြို့နယ်မှ မခင်မြသက်နှင်း၏ **"ခေတ်မီစစ်စွမ်းရည်နှင့် မြန်မာ့တပ်မတော်"**က တတိယအသီးသီးရရှိကြပြီး အထူးဆုများအဖြစ် တောင်ဥက္ကလာပမြို့နယ်မှ လေးနိုင်မင်း(မြဝတီ)၏ **"အမိမြေရဲ့ ပြည်ချစ်သား"**၊ မြဝတီရုပ်သံမှ ဝင်းထွန်း(မြဝတီ)၏ **"လေးစားဂုဏ်ယူမိတာ"**၊ တောင်ဥက္ကလာပမြို့နယ်မှ စိုးထွဋ်ခိုင်၏ **"စည်းလုံးချစ်ကြည် မိဋ္ဌာန်ညီ တိုင်းပြည်သစ်ကိုတည်"**၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်မှ နေမွန်ရွှေဝင်း၏ **"သမိုင်းပေးတာဝန်ကျေ"**၊ တောင်ဥက္ကလာပမြို့နယ်မှ ဟင်္သာတမျိုးအောင်၏ **"ညီနောင်ချစ်ကြင်အလှဆင် မြန်တိုင်းသာစေ အောင်ဌာနေ"**တို့က အသီးသီး ရရှိကြသည်။

စစ်ရေးတေးအဆင့်(၂)

စစ်ရေးတေးအဆင့်(၂)ပြိုင်ပွဲတွင် အင်းစိန်မြို့နယ်မှ ပွင့်သစ်ဦး (ကလေး၀)၏ **"စစ်မြေစခန်းသို့ ချစ်မှာတမ်း"**က ပထမ၊ တောင်ဥက္ကလာပမြို့နယ်မှ ယုကီ၏ **"မြန်မာ့သွေး မြန်မာ့သား"**က ဒုတိယ၊ ပုဇွန်တောင်မြို့နယ်မှ စောလှထွန်း၏ **"အမျိုးကိုချစ်သော တပ်မတော်"**က တတိယအသီးသီးရရှိကြပြီး အထူးဆုများအဖြစ် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ မျိုးဆွေသန့်၏ **"မြန်မာ့စစ်သည်တော်"**၊ မင်္ဂလာဒုံ မြို့နယ်မှ အောင်နိုင်စိုး၏ **"သားသားချစ်တဲ့ မြန်မာ့တပ်မတော်"**၊ မြောက်ဥက္ကလာပမြို့နယ်မှ စောစုစုစံ၏ **"ပန်းတိုင်ရည်မှန်း လှမ်းတက်ညီ ပြည်ထောင်စု အလှပန်းချီ"**၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ တင့်လွင်ဦး၏ **"နှလုံးသားလှတဲ့ သားကောင်းဖာနည်"**၊ မြဝတီရုပ်သံမှ နေမျိုးဝင်း၏ **"နှလုံးသားထက်က ကမ္ပည်းသစ္စာ"**တို့က အသီးသီးရရှိကြသည်။

ပထမ၊ဒုတိယ၊တတိယဆုရရှိသူများသည် ၂၀၀၆ခုနှစ် မတ်၂၇ရက် ဆုချီးမြှင့် ပွဲအခမ်းအနားတွင် ဆုများ တက်ရောက်ယူ ကြရမည်ဖြစ်သည်။ အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် အခမ်းအနားဖြင့် ဆုချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရရှိသူများသည် ရုပ်မြင်သံကြား မှတ်တမ်းတင်ရိုက်ကူးရန်အတွက် (၆၁) နှစ်မြောက်တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ ဦးကိုကိုထွေး အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ အမြန်းဆုံး လူကိုယ်တိုင် လာရောက်သတင်း ပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

၂၀၀၆ ခုနှစ် မတ်လ(၂၄)ရက်

"တီဘီရောဂါကင်းစင်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့"

World TB Day

2006 March 24

"Action For Life:towards a world free of tuberculosis"

ကျန်းမာရေးဝန်ကြီးဌာန

ပေါင်းလောင်းအသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ၆ရက်က ရှင်သာမဏေ ဓမ္မဗိမာန်၌ ကျင်းပရာ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ လေးဘာသာ ဂုဏ်ထူးရှင် မလဲ့ဝါဝါဖြိုး အောင်အား အသင်းဥက္ကဋ္ဌ ဦးကျင်တီက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

အင်အားအနည်းငယ်မြေငလျင်လှုပ်

ရန်ကုန် မတ် ၆

ယနေ့မြန်မာစံတော်ချိန် ည၉နာရီ ၅၃မိနစ်၃၃စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်ဘက် ၁၇၉မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ (ပဲခူးရိုးမအနီး)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၄အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာရရှိသည်။ (သတင်းစဉ်)

7-3 (07).p65 1 3/24/1905, 9:00 PM

✡ *ကျောဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရ အောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာ မြင့်ကြည်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

[သဘာပတိ ဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒ ကထာကိုသီးခြားဖော်ပြထားပါသည်။]

ဆက်လက်၍ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သဗ္ဗညုတ ဘုရားရှင်သည် မိမိကိုယ်တော်တိုင် သံသရာရေယဉ်ကြောမှ ကူးမြောက်တော်မူသကဲ့သို့ သတ္တဝါဝေနေယျ အပေါင်းအားလည်း ကူးမြောက်စေတော်မူလိုသည့် မဟာကရုဏာတော်ကြောင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တည်းဟူသော ဘုရားရှင် အဆုံးအမ သာသနာတော်ကြီးကို တည်ထောင်တော်မူပြီး သံဃာ့အဖွဲ့များအား သာသနာတော်တာဝန်များ အပ်နှင်းတော်မူခဲ့ရာ ယနေ့ကမ္ဘာတွင် ထေရဝါဒ ဗုဒ္ဓသာသနာဟူ၍ ထင်ရှားကျော်ကြားလျက်ရှိပါကြောင်း။

အရှိန်အဟုန်မပျက်ဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် သံဃာတော်ပေါင်း ငါးသိန်းကျော်နှင့် သာသနာ့နွယ်ဝင် သီလရှင်သုံးသောင်းကျော်တို့သည် အိမ်ရာတည်ထောင် လူ့ဘောင်တွင် နေတော်မမူကြဘဲ လောကီအာရုံ အဖုံဖုံကို စွန့်လွှတ်စွန့်ခွာ၍ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို အချိန်ပြည့် ကျင့်ကြံပွားများအားထုတ်လျက် မိမိတို့၏ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများအား ဆင်းရဲကင်းရာ နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောပြောညွှန်ပြ ဆိုဆုံးမလျက် "သံဃာ့ကိစ္စ သံဃာဆောင်ရွက်"ဟူသော မူဝါဒနှင့်အညီ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့က ဦးဆောင်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်တော်မူနေကြသည်ကို ဖူးတွေ့ရပါသဖြင့် ဗုဒ္ဓသာသနာတော်အတွက် အထူးအားတက် ဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဆောင်ရွက်တော်မူကြရာတွင် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ သံဃာ့အဖွဲ့များ ထားရှိကာ သာသနာတော်ဆိုင်ရာ ပိုင်ဆိုင်ခွင့် အငြင်းပွားမှု မှုခင်းများ၊ အဆုံးအဖြတ် အကောင်အထည်ဖော်ပြီးမပြီး မှုခင်းများ၊ ဓမ္မ/အဓမ္မ အငြင်းပွားမှု(ဝိဝါဒ) မှုခင်းများ၊ လူမှုရေးဖောက်ပြန်မှု၊ သူတစ်ပါးပစ္စည်းဘဏ္ဍာ ခိုးယူမှု၊ သူတစ်ပါးအသက်ဆုံးရှုံးစေမှု၊ သာသနာ ခုတုံးလုပ် စီးပွားရှာမှု၊ ကျောင်းစည်းကမ်း ဖောက်ဖျက်မှု၊ သာသနာတော်နှင့် မဖွယ်မရာ နေထိုင်သွားလာမှုများဖြင့် စွပ်စွဲမှု(အနုဝါဒ) မှုခင်းများ၊ အထူးသဖြင့် သာသနာတော်တစ်ရပ်လုံးနှင့်ဆိုင်သော ဓမ္မ၊ အဓမ္မဝါဒများ ပြန်လည်ထိုးထွက်လာသည်ကို သတိရှိရှိ တားမြစ်နိုင်ရေး၊ နိုင်ငံတော် အယူခံမှုခင်းများ အမြန်ဆုံးပြီးဆုံးရေး ဝိနိစ္ဆယရေးရာကဏ္ဍများကို ဝိနိစ္ဆယအဖွဲ့ငယ် ဆရာတော်များက စီစဉ်ဆောင်ရွက်တော်မူလျက် ရှိပါကြောင်း။

ဘွဲ့ထူးဂုဏ်ထူးများရရှိ

အလားတူ ရဟန်းတု၊ ရဟန်းယောင်များ ဖယ်ရှားရေးအတွက် သာသနာဝင် မှတ်တမ်းရရှိရေး၊ ကျူးကျော်ကျောင်းများ ဖယ်ရှားရေး၊ သာသနာတော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်ညီသော ကျောင်းသစ်ဆောက်လုပ်ရေး၊ ကျောင်းထိုင်ဘုန်းကြီး တင်မြှောက်ရာတွင် ကျောင်းထိုင်အင်္ဂါနှင့်ညီညွတ်ရေး၊ ဝိနည်းကံဆောင်ရန် သိမ်ဂရန်များရရှိရေး၊ သာသနာ့မြေ အစစ်အမှန်ရရှိရေး၊ သာသနာ့တာဝန် ထမ်းဆောင်သော ရဟန်းတော်များနှင့် သီလရှင်များ သာသနာတော်ဆိုင်ရာ ချီးမြှင့်မှု ဘွဲ့ထူးဂုဏ်ထူးများ ရရှိစေရေး၊ သာသနာပြု လူပုဂ္ဂိုလ်များ သာသနာတော်ဆိုင်ရာ ထောက်ပံ့မှုများ ရရှိစေရေး၊ ကျောင်းကန်၊ ဘုရား၊ စေတီစသော သာသနိကအဆောက်အအုံများ ကြည်ညိုဖွယ်ဆောင်စေရေး၊ သံဃာ့အဖွဲ့အစည်းများ ပုံမှန်ကျင်းပနိုင်ရေး၊ အခါအားလျော်စွာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ကျင်းပနိုင်ရေးစသော သာသနာရေးရာကဏ္ဍကို သာသနာရေးရာအဖွဲ့ဝင် ဆရာတော်များက ဦးစီးဦးဆောင်၍ ဆောင်ရွက်တော်မူလျက် ရှိကြပါကြောင်း။

သာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် အဓိကကျသည့် ပညာရေးရာကဏ္ဍတွင် ထေရဝါဒ ပိဋကတ်ကျမ်းစာများ စနစ်တကျ စဉ်ဆက်မပြတ်ပေါ်ထွက်နေစေရေး၊ ပရိယတ် ပဋိပတ် ကျွမ်းကျင်သော အကျော်အမော် သာသနာပြုပုဂ္ဂိုလ်များ ပေါ်ထွက်ရေး၊ မြန်မာနိုင်ငံတွင် သင်္ဂါယနာတင်ရန် အခွင့်အလမ်းရရှိစေသော ပိဋကတ်သုံးပုံဆောင် သာသနာ့အာဇာနည်များ ပေါ်ထွက်စေရေး၊ ပရိယတ္တိစာသင်တိုက်ကြီးများ အခိုင်အမာရပ်တည်နေစေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေသည်မှာ ဆရာတော်များ သိရှိတော်မူသည့်အတိုင်း ဖြစ်ပါကြောင်း၊ ပရိယတ္တိသာသနာ တိုးတက်ခိုင်မာရေး အတွက် စာသင်တိုက်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများသည် အခြေခံကျ လှပါကြောင်း၊ အရေအတွက်မှ အရည်အချင်းသို့ မူအရ အရည်အချင်းပြည့်ဝသော စာသင်သားများရရှိရန် နှောင်နှစ် စာသင်နှစ်မှစ၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဝင်ခွင့်ရေးဖြေစာမေးပွဲတွင် ပါဠိစာပေနှင့် အင်္ဂလိပ်စာကို ထည့်သွင်းမေးမြန်းပြီး ဆရာတော်များနှင့်တကွ ပညာရှင်များ ပါဝင်သော အဖွဲ့များက နှုတ်မေးခွန်း လူတွေ့စစ်ဆေးသွားရန် ရှိပါကြောင်းကို လျှောက်ထားအပ်ပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းကာ ပညာရေး စာတမ်းဆွေးနွေးပွဲများ ကျင်းပနိုင်ရေး အတွက်လည်း ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တိုင်တိုင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ပရိယတ္တိပညာ အဆင့်မြှင့်တင်နိုင်ရေးရည်ရွယ်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ဆိုင်ရာ အဖွဲ့တစ်ဖွဲ့ကို အိန္ဒိယနိုင်ငံသို့ တာဝန်ပေး စေလွှတ်ရေးနှင့်သင်ရိုးညွှန်းတမ်းများ နိုင်ငံတကာအဆင့်မီ ပြုစုရေး စသည်များကို ပညာရေးအဖွဲ့ငယ် ဆရာတော်များ ဦးဆောင်ကာ အကောင်အထည်ဖော် ဆောင်ရွက်တော်မူလျက် ရှိပါကြောင်း။

မျက်ခြည်မပြတ်ဆောင်ရွက်

ဤကဲ့သို့ ဆရာတော်၊ သံဃာတော်များဘက်မှ ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူကြသကဲ့သို့ မိမိတို့အစိုးရနှင့် ဒါယကာ၊ ဒါယိကာမများဘက်ကလည်း ဘာသာ၊ သာသနာရောင်ဝါ ထွန်းနေပါမှ ကိုယ်ကျင့်တရား မြင့်မားသော လူ့အရင်းအမြစ်များပေါ်ထွန်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်မည်ကို စွဲမြဲစွာ ယုံကြည်ထားပါသဖြင့် စာရိတ္တမဏ္ဍိုင် ခိုင်မြဲရေး ဦးဆောင်လမ်းပြတော်မူကြသည့် ဆရာတော်များ စားဝတ်နေရေး ကြောင့်ကြအေး၍ ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူသော သာသနာတာဝန်နှစ်ရပ်ကို အချိန်ပြည့် ဆောင်ရွက်တော်မူနိုင်ရေး၊ သာသနိက အဆောက်အအုံများ ခံ့ညားထည်ဝါရေး၊ သာသနာပြု ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်၍ သာသနာ့အန္တရာယ် အသွယ်သွယ်ကို ဖယ်ရှားရန် အာဏာစက်ဖြင့် ပံ့ပိုးရေး၊ ထေရဝါဒ ပိဋကတ်ကျမ်းစာမျိုးစုံ မြန်ကောင်းသက်သာစနစ်ဖြင့် ပုံနှိပ်ဖြန့်ချိနိုင်ရန်အတွက် ကွန်ပျူတာစနစ်၊ ခေတ်မီ ပတ်လည်စက်ကြီးများ အသုံးပြုရေး၊ ရှားပါးသော ပါဠိအဋ္ဌကထာ ဋီကာကျမ်းကြီးများကို အခမဲ့လှူဒါန်းနိုင်ရေး၊ တစ်နှစ်ပတ်လုံး သံဃာ့အစည်းအဝေးများကျင်းပရေး၊ အခါအားလျော်စွာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကျင်းပရေး၊ နိုင်ငံတကာနှင့်ဆက်သွယ်၍ ပရိယတ္တိပညာရေး အဆင့်မြှင့်တင်ရေး၊ သံဃာတော်များအားလုံး ဝိနည်းတရားတော်ကို သိရှိလိုက်နာနိုင်ရေး စသော သာသနာနုဂ္ဂဟလုပ်ငန်းများကို နိုင်ငံတော်၏ တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများ များပြားနေသည့်ကြားမှပင် မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်မှာ ဆရာတော်များ အသိပင်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ စုံညီအစည်းအဝေး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေး၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အောင်မြင်ရေးအတွက် အဘက်ဘက်မှ လိုလေသေး မရှိအောင် ဝန်ကြီးဌာနပေါင်းစုံ ပူးပေါင်း ဆောင်ရွက်ထားပါကြောင်း၊ ထိုသို့ ဆောင်ရွက်ထားသော်လည်း ပုထုဇဉ်တို့သဘာဝ မေ့လျော့၍ လုပ်ငန်းများ လစ်ဟင်းမှုတစ်စုံတစ်ရာ တွေ့ရှိပါက ခွင့်လွှတ်သည်းခံတော်မူပါရန်နှင့် လိုအပ်သည်များကို ဩဝါဒပေး ချီးမြှင့်တော်မူကြပါရန် လျှောက်ထားသည်။

ထို့နောက် ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒသိရီက တင်သွင်းလျှောက်ထားတော်မူသည်။

တင်သွင်းလျှောက်ထား

ဆက်လက်၍ ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ဓေယျသိန်ပါဠိတက္ကသိုလ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိ၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန် စာချကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာဘိဝံသနှင့် ဧရာဝတီတိုင်း ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လတို့က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်အစီရင်ခံစာကို ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ငွေကြာရံ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရေဝတနှင့် ဧရာဝတီတိုင်း ဝါးခယ်မမြို့ ကျွန်းကုန်း ဓေယျဝတီ အနောက်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပဏ္ဍာဝံသတို့က လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို ဧရာဝတီတိုင်း ပုသိမ်မြို့ နီကြောခရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတနှင့် ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကတို့က လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဌသမ အစည်းအဝေးကို မတ် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

ဆွမ်းဆက်ကပ်လှူဒါန်း

ပဉ္စမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဌသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များကို လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ ပါရမီရိပ်သာ မြစပါယ်လမ်းနေ ဒေါ်မြင့်မြင့်သိန်း၊ ဗဟန်းမြို့နယ် ကမ္ဘောဇလမ်းနေ ဒေါ်ခင်ဝင်းမြင့်နှင့် ညီအစ်မတစ်စုတို့က ဆရာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်မြို့ လှိုင်ရတနာမွန်အိမ်ရာနေ ဦးဆန်းဝင်း-ဒေါ်ရီရီဝေ၊ သား ကောင်းမြတ်ဝင်း၊ ရဲမြတ်ဝင်း၊ သမီး တောက်တာ၊ မို့မို့မြင့်မောင် မိသားစုတို့က မတ် ၃ ရက်တွင် တစ်နေ့တာ ဆွမ်းအလှူကို လည်းကောင်း၊ ဦးမြင့်ဦး-ဒေါ်ဘုတ်၊သား မင်းစစ်သွေး မိသားစုတို့က မတ် ၄ ရက်တွင် အရုဏ်ဆွမ်းအလှူကို လည်းကောင်း၊ ဦးအေးတင်-ဒေါ်ကြူကြူ(ဟသ်ာမင်း စာအုပ်ချုပ်လုပ်ငန်း)မိသားစုက နေ့ဆွမ်းအလှူကို လည်းကောင်း၊ ဦးတင်မိုး-ဒေါ်အေးရှင်၊ ဦးစိန်ဝမ်း-ဒေါ်မဥ္စူထွန်း၊ ဦးအောင်နိုင်ထွန်း(ခ) အောင်အောင်-မစိုးစိုးအေးမိသားစုတို့က မတ် ၅ ရက်တွင် တစ်နေ့တာဆွမ်းအလှူကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

ရွှေတောင်မြို့ သမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီး စောင်းတန်းနှင့်ဘက်စုံပြုပြင်မွမ်းမံရေး အလှူငွေများဆက်ကပ်

ရန်ကုန် မတ် ၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့ သမိုင်းဝင်ရွှေနတ်တောင်စေတီတော် အနောက်ဘက် စောင်းတန်းအတွက် အလှူငွေနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပွဲကို မတ် ၂ ရက် နံနက်က အဆိုပါစေတီတော်၌ ကျင်းပသည်။ ရှေးဦးစွာ စေတီတော်အနောက်ဘက် စောင်းတန်းထိပ်၌ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အလှူရှင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး မြပိုးထည်တိုက် မောင့်ကျက်သရေခေါင်းပေါင်းမိသားစုမှ ဒေါ်ညွန့်ညွန့်ခင်တို့က စောင်းတန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဂုဏ်ပြုလွှာ

ဆက်လက်၍ စေတီတော်အနောက်ဘက် မြပိုးထည်မွှာရုံ၌ အလှူငွေဆက်ကပ်လှူဒါန်းပွဲကိုကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက၊ ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတောင်မြို့ မဟာဝိသုတာရာမဂန္ဓာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကျော် ဘဒ္ဒန္တအဂ္ဂဝံသထံမှ ကိုးပါးသီလခံယူကြပြီး အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး မြပိုးထည်တိုက် မောင့်ကျက်သရေခေါင်းပေါင်းပိုင်ရှင် မိခင်ကြီး ဒေါ်ထားပု၊ ဦးမြ-ဒေါ်ညွန့်ညွန့်ခင်၊ ညီမ ဒေါ်ခင်ကြည်တို့က စေတီတော်အနောက်ဘက်စောင်းတန်း ပြုပြင်မွမ်းမံရန် ကျပ် ၇၅ သိန်း၊ စတီး(လ်)လက်တန်းနှင့် လင်းနို့ပန်းဆွဲတပ်ဆင်ရန် ငွေကျပ် ၂၅ သိန်းခွဲတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဂေါပကဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ သက်နံးပရိက္ခရာနှင့် လှူဖွယ်ဝတ္ထုများအား ဆက်လက် ဆက်ကပ်လှူဒါန်းခဲ့ပြီး ဂေါပကအဖွဲ့ဝင် ဦးသောင်းခင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ရေစက်ချတရားတော်နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့အချင်းချင်း အပြန်အလှန် ရိုသေလေးစား

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် မှီခိုရာ၊ အားထားရာ၊ အထောက်အကူပြုရာ အင်အားအဖြစ်ထား

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်လျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့အောင် ဆောင်ရွက်တော်မူ

ဩဝါဒကထာ မြွက်ကြားတော်မူ

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၆

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဠသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ–

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်ဘုရားများနှင့် ယခုလို လေးလချင်တစ်ကြိမ်ကျ မျက်နှာစုံညီ တွေ့ဆုံကြ၍ သာသနာတော်ကိစ္စအဝဝတို့ကို လျှောက်ထားတင်ပြ ဆွေးနွေး တိုင်ပင်ခွင့်ရသည့်အတွက် နှစ်ထောင်းအားရ ဝမ်းမြောက်လှပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ယနေ့ကျင်းပသည့် အစည်းအဝေး၌ စာစောင်များ၊ ကျမ်းစာအုပ်များ၊ စိစစ်ရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို လျှောက်ထားလိုပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ဒုတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ချက်အခန်း (၂)၊ အပိုဒ်(၁၂)၌ သံဃာ့အဖွဲ့ ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို (က)မှ (ဆ)အထိ (၇)ချက်ပြဆိုထားပါသည်။ ထို (၇)ချက်တို့တွင် အပိုဒ်ခွဲ(ဂ)၌ "ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည်" ဟု ဆိုထားပါသည်ဘုရား။

ထိုအပိုဒ်ခွဲ(ဂ)ပါ ရည်ရွယ်ချက်၌–

(၁) ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်။

(၂) ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဟု စကားနှစ်ရပ်ရှိရာ ဒုတိယစကားရပ်အတွက် လျှောက်ထားမည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ယခု မကြာသေးသောနှစ်များအတွင်း ဓမ္မ၊ အဓမ္မအငြင်းပွားမှုခင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုဓမ္မ၊ အဓမ္မအငြင်းပွားမှုခင်းများကို ဖြေရှင်းဆုံးဖြတ်ရသော ဝိနိစ္ဆယကိစ္စသည် လွယ်ကူသောကိစ္စမဟုတ်ပါ။ ကြီးလေးသော တာဝန်ကြီးတစ်ခုဖြစ်ပါသည်ဘုရား။

ဤဓမ္မ၊ အဓမ္မဆုံးဖြတ်ပေးရန် စောဒနာအပ်သောကျမ်းစာများကို လေ့လာကြည့်ရှုရာ စာပေစိစစ်ရေး၏ ပျော့ကွက်ဟာကွက်ကြောင့်ဖြစ်ရသည်ကို တွေ့မြင်သိရှိရပါသည်။ မှန်ပါသည်။ ထိုကျမ်းစာအုပ်များကို စိစစ်ကြည့်ရှုရာ စာပေစိစစ်ရေးမှ ခွင့်ပြုချက်ဖြင့် ရိုက်နှိပ်သောကျမ်းစာအုပ်များဖြစ်သည်ကို တွေ့ရပါသည်။ ဤအချက်ကိုထောက်ပြ၍ စုဒိတကများက သူတို့၏ ကျမ်းစာအုပ်များသည် စာပေစိစစ်ရေးမှ ခွင့်ပြုချက်ဖြင့် ရိုက်နှိပ်အပ်သော ကျမ်းစာအုပ် များဖြစ်ခြင်းကြောင့် အဓမ္မမဟုတ်ဓမ္မသာဖြစ်သည်ဟု သောဓနာထားသည်ကိုလည်း တွေ့မြင်ရပါသည်ဘုရား။

ထို့ကြောင့် ရိုက်နှိပ်ခွင့်ပြုရန် တင်ပြလာသည့် စာမူများကို စာပေစိစစ်ရေး ဥပတ္ထမ္ဘကများက သေချာစွာစိစစ်၍ ပညာရေးအဖွဲ့ငယ် ဆရာတော်များထံ တင်ပြသင့်ပါသည်။ ယင်းသို့စိစစ်၍ တင်ပြလာသောစာမူများကို ဥပတ္ထမ္ဘကများ၏ စိစစ်ချက်မျှဖြင့် အတည်မပြုသေးဘဲ ပညာရေးအဖွဲ့ငယ်ဆရာတော်များကလည်း စေ့စပ်သေချာစွာ ထပ်မံစိစစ်၍ ပိဋကတ်တော်နှင့် ညီညွတ်မှသာ ခွင့်ပြုသင့်ပါသည်။ ဤသို့ စေ့စပ်သေချာစွာ စိစစ်ပြီးမှ ခွင့်ပြုပါက စာစောင်များ၊ ကျမ်းစာအုပ်များနှင့်စပ်လျဉ်း၍ ဓမ္မ၊ အဓမ္မအငြင်းပွားမှုခင်းများ ဖြစ်ပွားဖွယ်အကြောင်းရှိတော့မည် မဟုတ်ပါဘုရား။ ယင်းသို့ဖြစ်ပါက ဓမ္မ၊ အဓမ္မအဆုံးအဖြတ်ပေးရမည့် ကြီးလေးသော တာဝန်ကြီးတစ်ခု ပေါ့သွားမည်ဖြစ်ကြောင်း လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘုရားတပည့်တော်တို့သည် "သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး" ဟူသော ဦးတည်ချက်ဖြင့် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ အစည်းအဝေးကြီး ကျင်းပ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းကာ သာသနာတော်အရေးကိစ္စများကို ဆောင်ရွက်နေကြပါသည်ဘုရား။ သံဃာ့အဖွဲ့ ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ အပိုဒ်ခွဲ(က)၌လည်း "သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရန်ဖြစ်သည်"ဟု ပြဆိုထားပါသည်ဘုရား။

ယင်းဦးတည်ချက်၊ ရည်ရွယ်ချက်များ ပြီးစီးပြည့်စုံရေးအတွက် တပည့်တော်တို့ လိုက်နာကျင့်သုံးကြရန် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ကိမိလသုတ်ဒေသနာတော်ကို အကျဉ်းချုပ်၍ လျှောက်ထားလိုပါသည်ဘုရား။

မြတ်စွာဘုရား ကိမိလာမြို့ ကျည်းပင်တော၌ သီတင်းသုံးနေတော်မူစဉ် အရှင်ကိမိလသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ "မြတ်စွာဘုရား၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလတ်သော် သဒ္ဓမ္မသုံးဖြာသာသနာတော်သည် အဘယ်အကြောင်းကြောင့် ကာလရှည်ကြာ မတည်တံ့ပါသနည်း?၊ အဘယ်အကြောင်းကြောင့် ကာလရှည်ကြာ တည်တံ့ပါသနည်း?"ဟု မေးလျှောက်ရာ မြတ်စွာဘုရားရှင်က–

"ဣဓ ကိမိလ တထာဂတေ ပရိနိဗ္ဗုတေ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော သတ္ထရိ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ" စသည်ဖြင့် သဒ္ဓမ္မသုံးဖြာသာသနာတော် ကာလရှည်ကြာမတည်တံ့ခြင်း၏ အကြောင်းငါးပါး၊ သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာတည်တံ့ခြင်း၏ အကြောင်းငါးပါး တို့ကို ဟောကြားတော်မူခဲ့ပါသည်ဘုရား။ (အံ၊၂၊၂၁၆)

ထိုကိမိလသုတ်တော်၏အကျဉ်းချုပ်အဓိပ္ပာယ်မှာ–

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာလေးဖြာသော ပရိသတ်တို့

(၁) သတ္ထုအဂါရဝ အပ္ပတိဿ ဝိဟရဏ၊

(၂) ဓမ္မအဂါရဝ အပ္ပတိဿ ဝိဟရဏ၊

(၃) သံဃအဂါရဝ အပ္ပတိဿ ဝိဟရဏ၊

(၄) သိက္ခာအဂါရဝ အပ္ပတိဿ ဝိဟရဏ၊

(၅) အညမည အဂါရဝ အပ္ပတိဿ ဝိဟရဏ၊

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအကျင့်သိက္ခာတရားနှင့် အချင်းချင်းတို့အပေါ်၌ အလေးဂရုမပြုကြဘဲ၊ အလေးဂရုပြုထိုက်သည့်အရာ၌ မထားကြဘဲ၊ အဆုံးအမစကားကို လေးစားနာယူမှုမရှိကြဘဲ၊ အမှီအခိုအကြီးအကဲအရာ၌မထားကြဘဲ၊ ရိုသေတုပ်ဝပ်မှုမရှိကြဘဲနေကြခြင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာမတည်တံ့နိုင်။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာလေးဖြာသော ပရိသတ်တို့–

(၁) သတ္ထုသဂါရဝ သပ္ပတိဿ ဝိဟရဏ၊

(၂) ဓမ္မသဂါရဝ သပ္ပတိဿ ဝိဟရဏ၊

(၃) သံဃာသဂါရဝ သပ္ပတိဿ ဝိဟရဏ၊

(၄) သိက္ခာသဂါရဝ သပ္ပတိဿ ဝိဟရဏ၊

(၅) အညမညသဂါရဝ သပ္ပတိဿ ဝိဟရဏ၊

ဘုရား၊တရား၊သံဃာ ရတနာသုံးပါး၊ အကျင့်သိက္ခာတရားနှင့် အချင်းချင်းတို့အပေါ်၌ အလေးဂရုပြုကြလျက်၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားကြလျက်၊အဆုံးအမစကားကို လေးစားနာယူကြလျက်၊အမှီအခိုအကြီးအကဲအရာ၌ ထားကြလျက်၊ ရိုသေတုပ်ဝပ်မှုရှိကြလျက်နေကြခြင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာတည်တံ့နိုင်၏ဟု ဆိုလိုပါသည် ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား–

ယခုအခါ ရဟန်းရှင်လူအများစုသည် ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှုနည်းပါးလာကြပါသည်။ ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှု နည်းပါးလာခြင်းသည် သဒ္ဓမ္မသုံးဖြာသာသနာတော် ကာလရှည်ကြာမတည်တံ့နိုင်ခြင်း၏အကြောင်းဖြစ်သည့်အတွက် မိမိတို့၏ တပည့်ရဟန်း၊ သာမဏေများ၊ ဒါယကာ၊ ဒါယိကာမများ ရတနာသုံးပါးအပေါ်၌ ကြည်ညိုရိုသေလေးစားမှု ရှိလာအောင် သွန်သင်ဆုံးမပေးကြဖို့တာဝန်သည် တပည့်တော်တို့၏ တာဝန်ဖြစ်ပါသည်။ မျိုးဆက်သစ် လူငယ်မောင်မယ်ကလေးများ ဘုရား၊ တရား၊သံဃာအကြောင်း သိမြင်အောင်၊သာသနာ့စစ်၊သာသနာမှန်ကို ကြည်ညိုတတ်အောင်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ လက်ရှိအခြေအနေအောက် အရှိန်အဟုန်မကျဆင်းအောင်၊ တည်တံ့ခိုင်မြဲ၍ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ယခုအခါ ရဟန်းရှင်လူအများစုသည် မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သိက္ခာသုံးပါးကိုယ့်ကျင့်တရား၌ ရိုသေလေးစားမှု နည်းပါးလာကြပါသည်။ အချို့သော ရဟန်းသာမဏေများသည် မကြည်ညို သေးသော ပုဂ္ဂိုလ်များကြည်ညိုအောင်၊ ကြည်ညိုပြီးသောပုဂ္ဂိုလ်များ ဆတက်ထမ်းပိုးတိုး၍ ကြည်ညိုအောင် မပြုကျင့်ကြဘဲ ကြည်ညိုပြီးသော ပုဂ္ဂိုလ်များ အကြည်ညိုပျက်အောင်၊ မကြည်ညိုသေးသောပုဂ္ဂိုလ်များ မကြည်ညိုသည်ထက် မကြည်ညိုအောင် ရှင်ရဟန်းတို့နှင့် မလျော်သော သာသနာ့ဂုဏ်သိက္ခာ ညှိုးမှိန်စေမည့် အလုပ်များကို ပြုလုပ်နေကြသည်ကို ဆရာတော်များ တွေ့မြင်ကြားသိနေကြပါလိမ့်မည်ဘုရား။ သို့ဖြစ်၍–

(၁) သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ညွှန်ကြားလွှာ(၇၂)၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ(က)ပါ စည်းကမ်းကျင့်ဝတ်(၉)ချက်ကို လိုက်နာကျင့်သုံးကြရန်၊

(၂) ကျောင်းထိုင်ဘုန်းကြီးများသည် အပိုဒ်ခွဲ(ခ)ပါ စည်းကမ်းကျင့်ဝတ် (၅)ချက်ကို လိုက်နာကျင့်သုံးကြရန်၊



(၃) ရဟန်း၊ သာမဏေများလိုက်နာရန် စည်းမျဉ်းဥပဒေ(၃၁)ချက်ကို (အထူးအားဖြင့်) ယင်းစည်းမျဉ်းဥပဒေ(၃၁)ချက်တို့တွင် အပိုဒ်(၇၊၈၊ ၂၅၊၂၇၊၂၉)တို့ကို လိုက်နာကျင့်သုံး ကြရန်ဟူသော ဤအချက်(၃)ချက်ကို မဖြစ်မနေ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်ဘုရား။

နောက်တစ်ချက် လျှောက်ထားလိုသည်မှာ ဓနအင်အား အသင့်အတင့်ရှိသည့် ဝိသမလောဘသမားအချို့တို့သည် အသံချဲ့စက်၊ မော်တော်ယာဉ်စသော အထောက်အကူပြုပစ္စည်းများ ထူထောင်၍ အလှူခံသမားငှားကာ ဘုရားတည်ရန်၊ သာသနာ့ဗိမာန်ကြီးဆောက်ရန်၊ ကျောင်းတော်ကြီးဆောက်ရန်စသည့် အကြောင်းပြလျက် အလှူခံနေကြသည်မှာ နိုင်ငံအနှံ့ဖြစ်နေပါသည်ဘုရား။ ထိုသို့သော အလှူခံအတုအယောင်များ ပပျောက်သွားအောင် အာဏာပိုင်အဖွဲ့အစည်းများနှင့် လက်တွဲလျက် တက်တက်ကြွကြွ ဆောင်ရွက်သင့်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ=လေးဖြာသော ပရိသတ်တို့ အချင်းချင်းအပြန်အလှန် ရိုသေလေးစားမှုမရှိကြ၊ အလေးဂရုပြုထိုက်သည့်အရာ၌ မထားကြ၊ အဆုံးအမ အဆိုအမိန့်စကားကို လေးလေးစားစား မနာယူကြ၊ အမှီအခို အကြီးအကဲအရာ၌ မထားကြဘဲနေကြလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်ကာလရှည်ကြာ မတည်တံ့နိုင်ဘဲ အလျင်အမြန်ကွယ်ပျောက်သွားနိုင်ပါသည်။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပသိကာ=လေးဖြာသော ပရိသတ်တို့ အချင်းချင်း အပြန်အလှန် ရိုသေလေးစားကြ၊ အလေးဂရုပြုထိုက်သည့်အရာ၌ထားကြလျက်၊ အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူကြ၊ အမှီအခို အကြီးအကဲ အရာ၌ ထားကြလျက်နေကြလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်ကာလရှည်ကြာ တည်တံ့နိုင်ပါလိမ့်မည်ဘုရား။

ဘုရားတပည့်တော်တို့ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့လည်း အဖွဲ့ဝင်အချင်းချင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်းအချင်းချင်း ရိုသေလေးစားမှုရှိနေကြမှ အလေးဂရုပြုထိုက်သည့်အရာ၌ထားနေကြမှ၊ အထက်အဖွဲ့အစည်း၏ ညွှန်ကြားမိန့်မှာချက်များကို အောက်အဖွဲ့အစည်းက လေးစားလိုက်နာလျက်၊ အောက်အဖွဲ့အစည်း၏ တင်ပြချက်များကို အထက်အဖွဲ့အစည်းက လေးလေးစားစား ဂရုတစိုက်လိုက်လျော ဆောင်ရွက်ပေးကြမှ၊ အထက် အဖွဲ့အစည်းကို အောက်အဖွဲ့အစည်းက အမှီအခိုအကြီးအကဲအရာ၌ ထားကြမှ၊ အောက်အဖွဲ့အစည်းကိုလည်း အထက်အဖွဲ့အစည်းကမှီခိုရာ၊ အားထားရာ၊ အထောက်အကူပြုရာ မိမိတို့၏ အင်အားအဖြစ်ထားကြမှသာ ဘုရားတပည့်တော်တို့၏ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်လျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကာလရှည်ကြာ ကောင်းစွာတည်တံ့နိုင်မည် ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအမှူးရှိသော ဆရာတော်အရှင်မြတ်တို့က စံပြအဖြစ်ဖြင့် ဦးဆောင်၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့ ဒိဋ္ဌာနုဂတိလိုက်နာကြစေရန် သုံးပါးရတနာ ကျင့်သိက္ခာနှင့် အညမည ဂါရဝတရားငါးပါးတို့ကို ရိုရိုသေသေ လေးလေးစားစား ကျင့်သုံးလိုက်နာတော်မူကြလျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်ခံ့၍တည်တံ့အောင် ဆောင်ရွက်တော်မူကြပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။ ။

မြန်မာ့ရုပ်မြင်သံကြား

၇-၃-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်

၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ

၈:၁၀ ၇။ အကပြိုင်ပွဲ

၈:၂၀ ၈။ ဖြူးချောင်းတံတား

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Let's Go

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၃ ခုနှစ်)

၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]

၁၇:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁၇:၂၀ ၇။ ခံစားနားဆင်တေးဗာတ်ဝင်

၁၇:၃၀ ၈။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင် မမူးနဲ့"** (လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း) ဒါရိုက်တာ–သက်တင်

၁၇:၃၅ ၉။ ဆိုကြမယ် ပျော်ကြမယ်

၁၈:၀၀ ၁၀။ ညနေခင်းသတင်း

၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေးပုရွက်ဆိတ်လေး"** (အပိုင်း–၇၀)

၁၈:၅၅ ၁၃။ အတီးပြိုင်ပွဲ

၁၉:၁၀ ၁၄။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၁၉:၂၅ ၁၅။ အကပြိုင်ပွဲ

၁၉:၃၅ ၁၆။ ကြေးမုံရိပ်သွင်တေးနုယဉ်

၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ်နေ့ကလေးများ"** (အပိုင်း–၁၆)

အရိုးပွ၊ အရိုးကျိုးရောဂါ သိကောင်းစရာ

ယုဝတီ ခင်ဦး

တစ်ညနေ ဗိုလ်တထောင်ဘုရားဖူးအပြီးတွင် ဗိုလ်တထောင်ဆိပ်ကမ်းဘက်သို့ လျှောက်ခဲ့သည်။ မြစ်ဆိပ်ကမ်းဘက် မျက်နှာမူထားသော ထိုင်ခုံများ အစီအရီဖြင့် ဆိပ်ကမ်းသည် သာယာလှပနေသည်။ နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီးများကိုလည်း လှမ်းမြင်နေရသည်။ ရေလှိုင်းတွေတက်လာပြီး လေချိုအေးကလည်း တဖြူးဖြူးနှင့်၊ ကောင်းကင်ပြာနောက်ခံ၍ ရွှေဝါရောင် တိမ်တောက်နေသော ညနေခင်း၏ ရှုခင်းကို ကြည်နူးစွာငေးမျှော်ကြည့်ပြီး ခုံတန်းလေးတွင် တူမလေးနွယ်နီနှင့်အတူ ထိုင်လိုက်ကြသည်။ ရှုခင်းတွေက အရင်ကနှင့်မတူ သန့်ရှင်းလှပစိမ်းစိုနေသည်။

ညနေခင်း မြစ်ကမ်းသာယာဝယ် ကျန်းမာရေးအတွက် လမ်းလျှောက်နေသူများကို တွေ့နေရသည်။ အသက် ၆၀ကျော်ခန့် လူကြီးတစ်ဦးသည် မြေးငယ်နှင့်တူသော သူငယ်လေးတစ်ယောက်နှင့်အတူ တုတ်ကောက်ကိုအားပြုကာ လမ်းလျှောက်နေသည်။

"ကြီးကြီးမေရေ---အသက်အရွယ်ကြီးလာရင် အရိုးပွနေတော့ ချော်လဲရင် အရိုးကျိုးတာ များတာပဲနော်"ဟု မြစ်ကမ်းဘက် လေအဝင့်တွင်နွယ်နီသည် ဆံယဉ်စများလွင့်ပျံနေသည်ကို လက်ဖြင့်သပ်ရင်းမေးပြောပြောလာသည်။

လမ်းမှန်မှန်လျှောက်တာတို့၊ တင်းနစ်ကစားတာ၊ လှေကားတက်တာ၊ အေရိုးဗစ်ကစားတာတွေဟာ အရိုးမပွအောင် ကာကွယ်ပေးတာပဲ။ ရေကူးတာတို့၊ ဆိုင်ကယ်စီးတာတို့ကတော့ နှလုံးရောဂါအတွက် ကောင်းတယ်။

"ဟုတ်တယ် သမီး၊ ငယ်ရွယ်ချိန်မှာ အရိုးတွေသန်မာနေရာက အသက်ကြီးလာတော့ တဖြည်းဖြည်း အရိုးပါးလာလို့ အရိုးကျိုးရတာ"

"အဲဒီအရိုးပွတဲ့ ရောဂါအကြောင်းကို ပြောပြပါ ကြီးကြီးမေ" နွယ်နီက မေးပါသည်။

အသက်ကြီးတဲ့သူတွေ ချော်လဲရင် နောက်ကျောရိုးတို့၊ တင်ပါးဆုံတို့၊ လက်ဖျံတို့မှာ အကျိုးများတယ်လေ။ အရိုးကျိုးတဲ့အထဲမှာ တင်ပါးဆုံ အရိုးကျိုးတာ အန္တရာယ်အရှိဆုံးပဲ။ အရိုးကျိုးပြီဆိုရင် အိပ်ရာထဲမှာ ကြာကြာနေရတော့ နောက်ဆက်တွဲအနေနဲ့သွေးခဲတဲ့ရောဂါတို့၊အဆုတ်ရောင်ရောဂါတို့ပါ ဖြစ်လာတော့တာပေါ့"

"ကြီးကြီးမေ – အရိုးပွတာ အမျိုးသမီးတွေမှာ ပိုဖြစ်တယ်ဆို"

"ဟုတ်တယ်သမီး၊ အမျိုးသမီးတွေရဲ့ အရိုးကပေါ့တယ်။ သိပ်မထူဘူး။မီးယပ်သွေးဆုံးချိန်မှာ အရိုးတွေက ခါတိုင်းလို မထူတော့ဘူး။ အက်စထရိုဂျင်ဆိုတဲ့ ဟိုမုန်းဓာတ်တွေ လျော့သွားလို့လေ။ ယောကျ်ားတွေကတော့ အသက်၇၀လောက်မှ အရိုးပွတတ်တယ်"

စကားပြောရင်း တူဝရီးနှစ်ယောက် သာယာသောရှုခင်းတွေကို ကြည့်ရသည်မှာ စိတ်အေးမြလှသည်။

"အမျိုးသမီးတွေ မီးယပ်သွေးဆုံးချိန်မှ အရိုးပွတာက (Estrogen) အက်စထရိုဂျင်ဟိုမုန်းက ချက်ချင်းလျော့ကျသွားလို့ပဲ။ အချို့အမျိုးသမီးတွေအနေနဲ့ လူက ပိန်ပိန်ပါးပါးဖြစ်ပြီး စီးကရက်တို့၊ အရက်တို့ သောက်တတ်ရင်လဲ အရိုးပွရောဂါဖြစ်ပွားနိုင်တာမို့ သတိထားရမယ်။ တချို့ သားဥပွန် ကောထုတ်ထားရတဲ့ အမျိုးသမီးတွေဆိုရင် အသက်၄၀ မတိုင်ခင် အရိုးပွရောဂါရတာပဲ"

"တခြားကော ဘာကြောင့် အရိုးပွတတ်သေးလဲ ကြီးကြီးမေ"

"ကျောက်ကပ်ရောဂါ၊ (Thyroid) သိုင်းရွိုက် အကျိတ်ရောဂါ၊ လေးဖက်နာရောဂါနဲ့ ပန်းနာရောဂါကုတဲ့ ဆေးဝါးတွေကြောင့်လဲ အရိုးပါးတတ်တယ်။ လေဖြတ်လို့ အိပ်ရာထဲမှာ လဲနေတဲ့သူတွေလဲ အရိုးတဖြည်းဖြည်းပါးပြီး ပွကာကျိုးတတ်တာပဲ"

"အရိုးပွရောဂါရဲ့ လက္ခဏာတွေက ဘာတွေလဲကြီးကြီးမေ"

ဤမေးခွန်းက အရေးကြီးသည်၊ မြစ်ကမ်းခြေက လေကို တဝရှူပြီး ပြောရသည်။

နောက်ကျော၊ ခါးရိုးနာခြင်း၊ ခါးကုန်းပြီး အရပ်တဖြည်းဖြည်းပုခြင်း၊ ကျောရိုး၊လက်ဖျံရိုး၊ တင်ပါးဆုံရိုး ကျိုးခြင်းတို့ ဖြစ်ပေါ်လာလျှင် ဆရာဝန်ကို ချက်ချင်းပြမှဖြစ်မည်။ ဓာတ်မှန်ရိုက်ကြည့်လျှင် အရိုးပွနေသည်ကို တွေ့မည်ဖြစ်သည်။ အရိုးပွခြင်းသည် နောက်ကျောရိုးမှစ၍ သိနိုင်သည်။ နောက်ကျောအရိုးကွင်း လက်မဝက်လောက်ခန့် နိမ့်သွားလျှင်၊ အရပ်မသိမသာပုသွားလျှင် ဆရာဝန်ပြရပေတော့မည်။

အရိုးတိုင်းသော ကိရိယာစက် (Tomography)နှင့် တိုင်းကြည့်နိုင်သည်။ အခြားစက်များနှင့်လည်း စမ်းသပ်ကြည့်နိုင်သည်။ ဖြစ်မှကုရသည်ထက် အသက်အရွယ်အလိုက် ကာကွယ်ထားရပေတော့မည်။ ကာကွယ်ရန်အနေဖြင့် ကယ်လ်စီယမ်ဓာတ်ပါဝင်သော အစားအစာ ၁၅၀၀ မီလီဂရမ် နေ့စဉ် စားသုံးရမည်။ ကယ်လ်စီယမ်ဓာတ် တစ်ခုတည်း အူကစုပ်ယူ၍ မရ။ ဗီတာမင်ဒီဓာတ် အတူတွဲပါမှသာ အူကစုပ်၍ရသည်။ ထို့ကြောင့် အရိုးများသန်မာပြီး အရိုးကျိုးမှုမှ ကာကွယ်ပေးပေသည်။

သွေးဆုံးမီးယပ်ဖြစ်လျှင် အက်စထရိုဂျင် (သို့) အက်စထရိုဂျင်နှင့် ပရိုဂျက်စတင်ကို အသုံးပြုခြင်းအားဖြင့် အရိုးပွခြင်းကို ကာကွယ်ပေးသည်။ သို့ရာတွင် ၂၀၀၂ ခုနှစ် ဇူလိုင်လ၌ ထိုဟိုမုန်းဖြင့်ကုသချက်မှာ ရင်သားကင်ဆာ၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းရောဂါတို့ဖြစ်နိုင်သည်ကို တွေ့လာကြရ၍ သတိထားရသည်။

ဟိုမုန်းနှင့်ကုသချက်မှာ အရိုးမကျိုးအောင် ကူညီပေးခြင်းဖြစ်သည်။ အကယ်၍ အမျိုးသမီးတစ်ဦးသည် ဟိုမုန်းကုသချက်ယူပြီးမှ ရပ်ထားလိုက်လျှင် အရိုးသည်မထူဘဲ ပြန်ပါးသွားမည်ဖြစ်သည်။ Evista(ခေါ်) ဆေးမှာ အက်စထရိုဂျင် ဟိုမုန်းလို ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာတို့ မဖြစ်တတ်သော်လည်း မျက်နှာတွင်ပူလောင်နေပြီး နီမြန်းခြင်း၊ သွေးခဲခြင်းတို့ဖြစ်စေသည်။

Actonelနှင့် Fosamaxတို့ အရိုးမပါးအောင်ပြုလုပ်နိုင်သော်လည်း အာခေါင်အောက်တစ်လျှောက်တွင် အနာဖြစ်နိုင်ပြန်သည်။

Calcitonin ကိုလည်း အသုံးပြုကြပြန်သည်။ သို့ရာတွင် နှာခေါင်းတွင် အရည်ဖြင့် ပက်ဖျန်းရခြင်း၊ ဆေးထိုးရခြင်းတို့ဖြင့် ဈေးကြီးလွန်းသည့်အပြင် အော့အန်ခြင်းနှင့်အရေပြားတွင် အနီစက်များ ထွက်တတ်၍ စဉ်းစားရသည်။

အသက်ကြီးတဲ့သူတွေ ချော်လဲရင် နောက်ကျောရိုးတို့၊ တင်ပါးဆုံတို့၊ လက်ဖျံတို့မှာ အကျိုးများတယ်လေ။ အရိုးကျိုးတဲ့အထဲမှာ တင်ပါးဆုံ အရိုးကျိုးတာ အန္တရာယ်အရှိဆုံးပဲ။ အရိုးကျိုးပြီဆိုရင် အိပ်ရာထဲမှာ ကြာကြာနေရတော့ နောက်ဆက်တွဲအနေနဲ့သွေးခဲတဲ့ ရောဂါတို့၊ အဆုတ်ရောင်ရောဂါတို့ပါ ဖြစ်လာတော့တာပေါ့။

Forteo ဆေးဝါးဖြင့် အရိုးကျိုးရန် အလားအလာရှိနေသောသူများအတွက် နေ့စဉ် ၂၄လ ဆေးထိုးပေးရမည်။ သို့ရာတွင် အော့အန်ခြင်း၊ ခြေထောက်ကြွက်တက်ခြင်း၊ ခေါင်းမူးခြင်းဝေဒနာများကို ခံစားရတတ်သည်။

ကျွန်မရှင်းပြနေသည်ကို စိတ်ပါဝင်စားစွာ နားထောင်နေသော နွယ်နီသည် ကျွန်မလက်ကိုဆွဲ၍ ဖောတံတားဘက်သို့ ခေါ်သွားသည်။

"ဒီနေရာလေးက လေပိုရသလိုပဲ ကြီးကြီးမေ--အစားအသောက်အာဟာရနဲ့ အရိုးပွရောဂါကာကွယ်တဲ့ နည်းလမ်းရှိရင် ပြောပြပါဦး ကြီးကြီးမေ"ဟု မေးပြန်သည်။

"အရိုးသန်မာအောင် အဆီထုတ်ထားတဲ့ နို့တို့၊ယိုးဂတ်၊ ဒိန်ချဉ်တို့၊ ဂေါ်ဖီထုပ်အစိမ်း ဘရိုကိုလီတို့၊ ပန်းဂေါ်ဖီပွင့်၊ ငါးသေတ္တာ၊ တို့ဟူး၊ စိမ်းလန်းတဲ့ ဟင်းသီးဟင်းရွက်တွေစားရမယ်။ ကယ်လ်စီယမ် ဆေးလုံး ၁၀၀၀ မီလီဂရမ်အားကို နေ့စဉ်သာမန်အမျိုးသမီးတွေ စားနိုင်တယ်လေ။ ကိုယ်ဝန်ဆောင်တို့နဲ့ နို့တိုက်မိခင်တို့က ၁၂၀၀-၁၅၀၀ မီလီဂရမ်သောက်နိုင်တယ်။ မီးယပ်သွေးဆုံး အမျိုးသမီးတွေကတော့ တစ်နေ့ကို ကယ်လ်စီယမ် ၁၅၀၀ မီလီဂရမ် သောက်နိုင်တယ်။ အဆီ ထုတ်ထားတဲ့ နို့တစ်ဖန်ခွက်ရော၊ ရိုးရိုးနို့တစ်ဖန်ခွက်ရော ကယ်လ်စီယမ်ဓာတ် ၃၀၀ မီလီဂရမ်ပါတယ် သမီးရဲ့"

" ဗိုက်ထဲမှာ ကယ်လ်စီယမ်ချည်းပဲ သောက်လို့ အူကစုပ်မယူနိုင်ဘူး၊ ဗီတာမင်ဒီနဲ့အတူတူသောက်ရမယ်လို့ ကြီးကြီးမေ ခုနကပြောခဲ့တယ်နော်"

"ဟုတ်တယ်သမီး၊ ဗီတာမင်ဒီ (၄၀၀-၈၀၀အိုင်ယူ) နေ့စဉ်ထည့်သောက်ရမယ်။ ဆေးသောက်တဲ့အခါ ဆရာဝန်နဲ့ တိုင်ပင်ပြီးမှ သောက်ရမယ်။ ဘာပြုလို့လဲဆိုတော့ ကယ်လ်စီယမ်ဓာတ်ကလဲ တချို့ဆေးတွေကို အူကမစုပ်ယူနိုင်အောင် ဟန့်တားတယ်။ ကယ်လ်စီယမ်ပါတဲ့ အစားစားရင်ဖော့ဖရပ်(စ်) (Phosphorus) ပါတဲ့ အစာနဲ့ တွဲမစားရဘူး။ အရိုးပါးတာကိုအားပေးတယ် ပြောတယ်။ သက်သတ် လွတ်စားတဲ့သူရဲ့ အရိုးက အသားစားတဲ့သူထက် ပိုထူတယ်လို့ တချို့ကပြောတယ်၊ ဒါပေမယ့် အရက်များများ သောက်တဲ့သူ၊ ကဖိန်း (Caffeine)ဓာတ်များများပါတဲ့ အစားအစာစားတဲ့၊ သောက်တဲ့သူဆိုရင် ကယ်လ်စီယမ်ကို အူကနည်းနည်းပဲစုပ်ယူနိုင်တယ်"

"ကြီးကြီးမေ ကယ်လ်စီယမ်ချည်းပဲ စားနေလို့ အရိုးဘယ်သန်မလဲနော်၊ လမ်းလေးလျှောက်ပေးဖို့လဲ လိုမှာပဲနော်"

"ဟုတ်တယ်သမီး၊ သိပ်မှန်တာပေါ့။ **လမ်းမှန်မှန်လျှောက်တာတို့၊ တင်းနစ်ကစားတာ၊ လှေကားတက်တာ၊ အေရိုးဗစ်ကစားတာတွေဟာ အရိုးမပွအောင် ကာကွယ်ပေးတာပဲ။ ရေကူးတာတို့၊ ဆိုင်ကယ်စီးတာတို့ကတော့ နှလုံးရောဂါအတွက်ကောင်းတယ်"**

"ဒါဖြင့် ကြီးကြီးမေရေ--သမီးတို့ နေ့တိုင်း လမ်းလျှောက်တဲ့အတွက် အရိုးပွရောဂါကို ကာကွယ်နိုင်တာပေါ့နော်"

ကျွန်မသည် ပြုံးရွှင်စွာ ခေါင်းညိတ်ပြလိုက်ပါသည်။ ခုနစ်ရက်သားသမီးအားလုံး အရိုးပွရောဂါမှ ကင်းဝေးကြပါစေ။ ။

ဒလမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့်အလုပ်အမှုဆောင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများလိုက်ပါ၍ မတ် ၄ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ မြို့နယ်အဝင် အမြင်တင့်တယ်စေရေးအတွက် သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှု၊ မော်တော်ယာဉ်များ သတ်မှတ်နေရာ၌ စနစ်တကျရပ်နားထားရှိမှု၊ ဈေးဆိုင်တန်းများ စနစ်တကျ ခင်းကျင်းရောင်းချမှု အခြေအနေများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွံတေးစခန်း ကုန်မျိုးစုံအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ဒလမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံဝင်းအတွင်း (၆၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး၍ ဆေးရုံ ဓာတ်မှန်ဆောင်၊ ပြင်ပလူနာဌာန၊ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ အမျိုးသမီးလူနာဆောင်နှင့် အလှူရှင် ဒေါက်တာနိုင်ဝင်း ဆောက်လုပ်လှူဒါန်းသည့် သံဃာ့ကုသဆောင် အဆောက်အအုံ ဆောက်လုပ် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ဒလမြို့နယ်အတွင်း သောက်သုံးရေရရှိနိုင်ရန်နှင့် ရေပေးဝေမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ သုံးစွဲနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်ရေပေးဝေရေးတာဝန်ခံ ဒေါ်ချယ်ရီအောင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒလမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက် ဆရာဝန် ဒေါက်တာချောစုဝင်းက မြို့နယ်အတွင်း ကျန်းမာရေးကုသစောင့်ရှောက်မှုနှင့် ပညာပေးဟောပြောမှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က မြို့နယ်အတွင်း သောက်သုံးရေလုံလောက်စွာ ရရှိရေးနှင့် မြို့နယ် ပြည်သူ့ဆေးရုံတို့အတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒလမြို့နယ် ဖြိုးမေတ္တာကျန်းမာရေး စောင့်ရှောက်မှုအသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ငွေကျပ်တစ်သိန်းကို အသင်းကိုယ်စား မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်မောင်ရွှေက ဗဟိုအလုပ်အမှုဆောင်ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါထံသို့လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ဒုတိယမြို့တော်ဝန်က ငွေကျပ်တစ်သိန်းကို ရန်ကုန် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်ထံသို့လည်းကောင်းပေးအပ်လှူဒါန်းကြကြောင်းသိရသည်။ **(သတင်းစဉ်)**

ပင်လောင်းနှင့် ဖယ်ခုံ၌ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားရှိမှု တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၆

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ပင်လောင်းတပ်နယ်၏ ခြံစည်းရိုးကြက်ဆူပျိုးခင်းသို့ သွားရောက်၍ ကြက်ဆူပင်ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပင်လောင်းတပ်နယ်

ပင်လောင်းတပ်နယ်တွင် ခြံစည်းရိုးကြက်ဆူ ဧက ၂၅၀ စိုက်ပျိုးထားရှိပြီး မျိုးစေ့၊ မျိုးကိုင်းနှင့်ပျိုးပင်ပေါက် ၁၃၀၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ယင်းနောက် တိုင်းမှူးသည် ပင်လောင်းမြို့နယ် ဆောင်းပြောင်းကျေးရွာ၌ ကျေးရွာခြံစည်းရိုးကြက်ဆူပျိုးခင်းနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်းစိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူ ၁၀ဧက စိုက်ခင်းကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ခြံစည်းရိုးကြက်ဆူ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဖယ်ခုံမြို့နယ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဖယ်ခုံမြို့နယ်၏ ခြံစည်းရိုးကြက်ဆူ စံပြဧက ၃၀ စိုက်ခင်းသို့လည်းကောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း စိုက်ပျိုးထားသောခြံစည်းရိုးကြက်ဆူ ၂ဒသမ၂၅ဧကနှင့် ပျိုးပင် ၂၂၀၀၀ကို လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း ပျိုးပင် ၁၉၀၀၀၀ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ မြို့နယ်ဆောက်လုပ်ရေးလုပ်ငန်းရုံးနှင့် မြို့နယ်သစ်တောဦးစီးဌာနဝင်းအတွင်း ပျိုးပင် ၂၀၀၀၀စီ ပျိုးထောင်ထားရှိမှုများကို လည်းကောင်း၊ ဖယ်ခုံတပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင် ၆၀၀၀၀ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးကြက်ဆူပင် လျာထားဧကပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရေးမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့နယ်လုံးဆိုင်ရာ ငွေရတုပရိယတ္တိသဒ္ဓမ္မဟိတ စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ ဆရာတော်ကြီး ဦးစီးကျင်းပသော ဒဂုံမြို့နယ်လုံးဆိုင်ရာ (၂၅) ကြိမ်မြောက် ငွေရတုပရိယတ္တိသဒ္ဓမ္မဟိတ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းမှ စတင်လျက် ဒဂုံမြို့နယ် မဟာဓမ္မရံသီ အိမ်တော်ရာစေတီ ပရိဝုဏ်အတွင်းရှိ ရတနာ့ဗိမာန်တန်ဆောင်း၌ ကျင်းပသည်။

စာအောင်ဆုနှင်းသဘင် အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အိမ်တော်ရာ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်နှင့် ပဉ္စင်းသံဃာတော်များ၊ စာအောင်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ဒဂုံမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မဟိတ စာမေးပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာ မိုးတင်နှင့် အဖွဲ့ဝင်များ၊ မဟာဓမ္မရံသီ အိမ်တော်ရာ စေတီဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နံနက်၁၀နာရီတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မဟာနန္ဒိ သေနာရာမတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ငါးပါးသီလခံယူ

ယင်းနောက် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို မွန်းလွဲ၁နာရီတွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မစိုးရိမ်တိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တတေဇောသာရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဒဂုံမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မဟိတ စာမေးပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာမိုးတင်နှင့် တာဝန်ရှိသူများက အောင်လက်မှတ်များကို ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံ ဆက်ကပ်ကြပြီး ဆရာတော်က ဓမ္မာစရိယတန်း ကျမ်းရင်းသုံးကျမ်းကို ဖြေဆိုအောင်မြင်သဖြင့် "ပရိယတ္တိ သဒ္ဓမ္မဟိတ ဓမ္မာစရိယ"ဘွဲ့ ရရှိသည့် သံဃာတော် အရှင်သူမြတ်သုံးပါး၊ ပထမကြီးတန်း၌ပထမ၊ ဒုတိယနှင့် တတိယ ရရှိအောင်မြင်တော်မူသော သံဃာတော် အရှင်သူမြတ် သုံးပါး၊ ပထမလတ်တန်း၊ ပထမငယ်တန်းနှင့် အခြေပြုမူလတန်းတို့တွင် ပထမ၊ ဒုတိယနှင့်တတိယ ရရှိအောင်မြင်တော်မူသော သံဃာတော် အရှင်သူမြတ်ကိုးပါးတို့အား အောင်လက်မှတ်များကို ချီးမြှင့်တော်မူသည်။ **(အပေါ်ပုံ)**

ယင်းနောက် စာအောင်သံဃာတော်များ၏ ထေရုပ္ပတ္တိများကိုဖတ်ကြားပြီး အလှူရှင်များက စာအောင်သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒက ဩဝါဒကထာ မြွက်ကြားတော်မူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြိုင်အလှပိုင်ရှင်ရွေးချယ်ပွဲ ကုန်ပစ္စည်း မိတ်ဆက်ပွဲနှင့် ဈေးရောင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၆

Ta-Fa ˚Trading Co., Ltd. (Follow Me) က ပြိုင်အလှ ပိုင်ရှင်ရွေးချယ်ပွဲ၊ ကုန်ပစ္စည်းမိတ်ဆက်နှင့် အထူးဈေးရောင်းပွဲကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မျက်နှာအလှနှင့် ပတ်သက်သော လိုအပ်ချက်များ အကြောင်းကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး Follow Me Age Defence Treatment Essence ကုန်ပစ္စည်းကို လည်းကောင်း၊ သွားများ ကြံ့ခိုင်ကျန်းမာရေးနှင့် ပတ်သက်၍ Follow Me Herbal Fresh Toothpaste သွားတိုက်ဆေးနှင့် Whitening Toothbrush Massagerသွားတိုက်တံများကိုလည်းကောင်း တက်ရောက်လာသူများအား မိတ်ဆက်ပေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ Ta- Fa Trading Co.,Ltd.မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော Follow Me အလှကုန်ပစ္စည်းများကို တက်ရောက်လာသော ဧည့်သည်များအား အထူးအစီအစဉ်အဖြစ် ရောင်းချပေးသည်။

ထို့နောက် ပြိုင်အလှပိုင်ရှင် ရွေးချယ်ပွဲကို သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာသော ဧည့်သည်များထဲမှ ရွေးချယ်၍ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်သည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ မတ်လ (၈) ရက်

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးဆောင် ကော့မှူးမြို့နယ်တွင် ရေဂါလန်နှစ်သန်းဆံ့ သောက်သုံးရေကန် စုပေါင်းတူးဖော်

ရန်ကုန် မတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းတို့နှင့်အတူ ယမန်နေ့မွန်းတည့် ၁၂နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့သို့ ရောက်ရှိကြပြီး ကော့မှူးမြို့ ပြည်တော်သာရပ်ကွက်၌ ရန်ကုန်တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အကျယ်အဝန်း သုံးဧကရှိ မြေကွက်လပ်၌ ရေဂါလန်နှစ်သန်းဆံ့ သောက်သုံးရေကန်ကို ကော့မှူးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ စက်ယန္တရား အင်အား၊ လူအင်အားဖြင့် တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

သောက်သုံးရေဖူလုံမည်

အဆိုပါသောက်သုံးရေကန်သည် အလျားပေ ၅၀၀၊ အကျယ်ပေ ၂၀၀ ရှိကာ ကန်ပေါင်အခြေ အကျယ်ပေ ၃၀၊ အမြင့် ၅ပေနှင့် ကန်ပေါင်ထိပ် ၁၆ပေရှိမည် ဖြစ်ပြီး ရေဂါလန်နှစ်သန်း စုဆောင်းနိုင်၍ ကော့မှူးမြို့ရှိ ရပ်ကွက်အသီးသီးမှ ပြည်သူများအတွက် သောက်သုံးရေ ပိုမိုဖူလုံစွာရရှိနိုင်မည် ဖြစ်သည်။

ဆက်လက်၍ ကော့မှူးမြို့နယ် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ သောက်သုံးရေကန် တူးဖော်ရန် မြေကွက်လှူဒါန်း သည့် အလှူရှင်ဦးပေါက်အား တွေ့ဆုံပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပံ့ပိုးကူညီငွေကျပ် ၇၅၀၀၀၀ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြေကွက်အလှူရှင် ဦးပေါက်အားပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာသို့သွားရောက်ကာ အခြေခံပညာ အလယ်တန်းကျောင်းဝင်းအတွင်း၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ အုတ်ညှပ် သွပ်မိုးကျောင်းဆောင်သစ်ဆောက်လုပ်ရေး စုပေါင်းဆောင်ရွက်ပွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေး အားပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်ဆောက်လုပ်ရာသို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ်လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံရပ်ရွာနေပြည်သူများ ပါဝင်ဆောင်ရွက်ကြပြီး ကျောင်းဆောင်သစ်တွင် အကျယ်ပေ ၂၀၊ အရှည် ၂၄ပေနှင့် စင်္ကြံ ၆ပေရှိ စာသင်ခန်းငါးခန်းပါရှိမည်ဖြစ်ရာ ထန်းမနိုင်ကျေးရွာ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကျောင်းသား ကျောင်းသူများသွားလာမှုလွယ်ကူပြီး လွတ်လပ်ကျယ်ဝန်းစွာ ပညာသင်ကြားနိုင်ကြတော့မည်ဖြစ်သည်။

အမှာစကားပြောကြား

ထို့နောက် ထန်းမနိုင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဝင်း ယာယီမဏ္ဍပ်၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက ဦးဆောင်ကြီးကြပ်၍ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်မှုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ ဗဟိုအလုပ်မှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားသည်။

အသင်းဝင်အဆိုပြုလွှာပေး

ဆက်လက်၍ ထန်းမနိုင်ကျေးရွာနေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ၁၂၀၄စောင်ကိုထန်းမနိုင် ကျေးရွာစည်းရုံးရေးမှူး ဦးမြင့်သိန်းက ပေးအပ်ရာ ဗဟိုအလုပ်မှုဆောင် မြို့တော်ဝန်က လက်ခံရယူသည်။

(သတင်းစဉ်)

Grand Royal Special Reserve
တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ
လားရှိုးဂေါက်ကလပ်၌ကျင်းပမည်

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2006) ကို မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ လားရှိုးဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Amateur ဂေါက်သီးရိုက် အားကစားသမားများသည် မတ် ၁၀ ရက် နောက်ဆုံးထား၍ လားရှိုးဂေါက်ကလပ်၌ အမည်စာရင်းပေးသွင်းနိုင်သည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Crusher Club Soda ၊ Srixon နှင့် Grand Plaza Parkroyal Hotel တို့က အသီးသီး ပါဝင်ကူညီကြမည်ဖြစ်ကာ လားရှိုးဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းစိန်လမ်း အမှတ် ၂၇နေ ရတနာသုံးပါး၊ နှစ်ဖက်မိဘဆရာသမားများအား အမှူးထား၍ သီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းလင်း-ဒေါ်ရင်ရင်စိုးမိသားစုတို့က နှစ်(၂၀)မြောက် မင်္ဂလာနေ့ အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်ရှိထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နေ့ရာသီမျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် မတ် ၆

ဟန်ဂေါက်မာစတာ(စ်) အကယ်ဒမီ ဂေါက်သီးရိုက်လေ့ကျင့်ရေး သင်တန်းကျောင်း၏ နွေရာသီမျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက် သင်တန်းများကို မတ် ၁၃ ရက်မှ စတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ နွေရာသီ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းတွင် အခြေခံဂေါက်သီးရိုက်သင်တန်း၊ ကွင်းပတ်အဆင့်သင်တန်းနှင့် အဆင့်မြင့်သင်တန်းများ ပါဝင်မည်ဖြစ်ပြီး သင်တန်းများတွင် စာတွေ့၊ လက်တွေ့ဖြင့် စနစ်တကျ တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းသားအရေအတွက်နှင့် အချိန်ကန့်သတ်ချက်ရှိပါ၍ သင်တန်းများသို့ တက်ရောက်လိုသော မျိုးဆက်သစ်လူငယ်မောင်မယ်များသည် မတ် ၁၁ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် အမည်စာရင်းပေးသွင်းနိုင်သည်။ နယ်ကျောင်းသားများအတွက် အကယ်ဒမီကျောင်းဆောင်၌ နေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ယင်းနွေရာသီ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်သင်တန်းများနှင့် ပတ်သက်၍ သိရှိလိုပါက ဖုန်း-၀၁-၇၀၆၇၈၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စားပွဲတင် တင်းနစ်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်၏အနီးကပ်ကြီးကြပ်မှုဖြင့် နွေရာသီစားပွဲတင်တင်းနစ်(အခြေခံ)သင်တန်းကို မတ် ၁၄ ရက်မှ ဧပြီ ၁၁ ရက်အထိ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် အမျိုးသားရေကူးကန်ဝင်းအတွင်း ဦးဝိစာရလမ်း ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်၍ သင်တန်းချိန်မှာ နေ့စဉ် နံနက် ၈ နာရီခွဲမှ ၁၁ နာရီအထိဖြစ်ပြီး မြန်မာ့လက်ရွေးစင်နည်းပြများ၊ တရုတ်နိုင်ငံမှ နည်းပြဆရာနှင့် စနစ်တကျသင်ကြားပို့ချမည်ဖြစ်သည်။ မည်သူမဆိုတက်ရောက်နိုင်ကြောင်းနှင့် စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၈၇၉၉၄ နှင့် အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၀၉-၅၁၁၇၆၆၀ တို့သို့ မတ် ၁၂ ရက်နောက်ဆုံးထား၍ ဆက်သွယ်မေးမြန်းစာရင်းသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာလိဂ်အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ
ကာကွယ်ရေးဝန်ကြီးဌာနနှင့်လယ်ယာ/ဆည်မြောင်းတို့အနိုင်ရရှိ

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက တပ်မတော်(ကြည်း)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမပိုင်း၌ တစ်ဂိုး၊ ဒုတိယပိုင်း၌ တစ်ဂိုးသွင်းယူကာ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးကို ပွဲချိန် မိနစ် ၃၀ နှင့် ပွဲချိန် ၆၇ မိနစ်တို့တွင် ရဲဝေယံစိုးက သွင်းယူပေးသည်။ ယနေ့ပွဲစဉ်များအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ၁၄ ပွဲကစား ၁၃ မှတ်ဖြင့် အဆင့် ၁၂ ၌လည်းကောင်း၊ တပ်မတော်(ကြည်း)အသင်းက ၁၄ ပွဲကစား အမှတ်မရသေးဘဲ အဆင့် ၁၆ ၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

လယ်ယာ/ဆည်မြောင်းနိုင်

လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ တံခွန်အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ လယ်ယာ/ဆည်မြောင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ လယ်ယာ/ဆည်မြောင်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းတွင် မျိုးနိုင်က သွင်းယူပေးသည်။

ယနေ့ပွဲစဉ်များအပြီးတွင် တံခွန်အသင်းက ၁၄ ပွဲကစား ၂၄ မှတ်ဖြင့် အဆင့် ၅ ၌လည်းကောင်း၊ လယ်ယာ/ဆည်မြောင်းအသင်းက ၁၄ ပွဲကစား ၁၃ မှတ်ဖြင့် အဆင့် ၁၃ ၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲ

မတ်၇ရက်**(ယနေ့)**ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် ကမ္ဘောဇအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မတ်၅ရက်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပထမတန်း ဘောလုံးပြိုင်ပွဲ(ကွင်းပိတ်ပြိုင်ပွဲ)ပထမဆုရ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြို့နယ်သတင်းပဒေသာ

စွယ်တော်မြတ်စေတီ(မန္တလေး)စုပေါင်းသန့်ရှင်းရေးဒါနပြု

မြစ်ငယ် ဖေဖော်ဝါရီ ၂၆

မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီ(မန္တလေး)၏ အဝင်မုခ်ဦး လမ်းဘေးဝဲယာတစ်လျှောက်တွင် ဖေဖော်ဝါရီ၁၉ ရက် နံနက် ၇ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် အခြေခံပညာအလယ်တန်းကျောင်း (ကျောင်းခွဲ)မှ ကျောင်းသားကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်၍ လုပ်အားဒါနပြုကြသည်။ (၂၀၉)

ဘွားဦးစွန်းရိပ်သာ(၇၆)နှစ်မြောက်အထိမ်းအမှတ်ကျင်းပမည်

ပေါင်းတည် ဖေဖော်ဝါရီ ၂၆

ပေါင်းတည်မြို့ ဘွားဦးစွန်းတည်ထောင်ခဲ့သော ဘိုးဘွားရိပ်သာ (၇၆)နှစ်မြောက်အထိမ်းအမှတ်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ၁၁ ရက်က ကျင်းပသည်။

ပေါင်းတည်မြို့ ဘွားဦးစွန်းတည်ထောင်ခဲ့သော ဘိုးဘွားရိပ်သာ (၇၆)နှစ်မြောက်အထိမ်းအမှတ်နှင့် ပျော်ပွဲရွှင်ပွဲများကို မတ် ၂၆ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ (၃၃၁)

အမျိုးသမီးရေးရာ သိကောင်းစရာဟောပြော

တပ်ကုန်း ဖေဖော်ဝါရီ ၁၉

တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ ကျန်းမာရေးအသိပညာပေးနှင့် အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာဟောပြောပွဲကို သပြေကုန်းကျေးရွာအုပ်စု ကွမ်းတောကျေးရွာတွင် ဖေဖော်ဝါရီ၉ ရက် မွန်းတည့်၁၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအကြောင်း သိကောင်းစရာများကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီအေးက ဟောပြောပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကို ဟောပြောကြသည်။ **(၂၆၆)**

နန့်စကောက် ချောင်းကူးတံတား တည်ဆောက်

မိုးညှင်း ဖေဖော်ဝါရီ ၂၈

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီက ဦးဆောင်သော စစ်မှုထမ်းဟောင်းများ၊ မိုးညှင်းမြို့ အရှေ့စုရပ်ကွက်အုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးအမှုဆောင် ဦးဆောင်သော အသင်းဝင်များနှင့် ပြည်သူများ စုပေါင်းလုပ်အားဒါန စေတနာရှင် ၁၅၀ ကျော်တို့သည် ဖေဖော်ဝါရီ၂၀ ရက်က မိုးဒါးစုရပ်ကွက်သစ်သို့ သွားလာသည့်လမ်း နန့်စကောက်ချောင်းကူးတံတားကို ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် တည်ဆောက်ကြသည်။ (၁၅၂)

ညောင်ရွှေမြို့၌ ကာကွယ်ဆေးထိုး

ညောင်ရွှေ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူပေါင်းပြီး ဖေဖော်ဝါရီ၁၀ရက်က မြို့မ(၈)ရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ခုနစ်နှစ်အောက်ကလေးသူငယ်များအား ကျန်းမာရေးစီမံချက်အရ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် သန်ချဆေးများ တိုက်ကျွေးခြင်းများ ပြုလုပ်ကြသည်။ **(၀၂၇)**

မြင်းမူမြို့တွင် နှမ်းမနဲ့ထိုးပြိုင်

မြင်းမူ ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ နှမ်းမနဲ့ထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ၁၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းတွင် ကျင်းပသည်။

ပြိုင်ပွဲသို့ အဖွဲ့လေးဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုကို ပညာရေးအဖွဲ့ကလည်းကောင်း၊ ဒုတိယဆုကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကလည်းကောင်းရရှိကြပြီး ဆုများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးသည်။(၁၆၇)

ကမ္ဘာ့တစ်လွှား အားကစား

မန်စီးတီးနှင့်တော့တင်ဟမ်တို့ အိမ်ကွင်း၌ နိုင်ပွဲရသည့် ပရီမီယာလိဂ်ပွဲစဉ်(၂၈) မြင်ကွင်း

လန်ဒန် မတ် ၆

ပရီမီယာလိဂ်ပွဲစဉ်(၂၈) လက်ကျန်ပွဲအဖြစ် မတ် ၅ ရက်က မန်စီးတီးနှင့် ဆန်းဒါးလန်း၊ တော့တင်ဟမ်နှင့် ဘလက်ဘန်းတို့ယှဉ်ပြိုင်ကစားရာ မန်စီးတီးနှင့် တော့တင်ဟမ်တို့ အိမ်ကွင်းများ၌ နိုင်ပွဲအသီးသီး ရရှိခဲ့ကြသည်။



ထိုးဖောက်ကစား

ပရီမီယာလိဂ်ပွဲစဉ်(၂၈)အဖြစ် တော့တင်ဟမ်နှင့် ဘလက်ဘန်းတို့ပွဲတွင် တော့တင်ဟမ်မှ ဂျာမိန်းဂျီနက်စ် (ဝဲ) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဖွင့်ဂိုး

ပွဲစတင်ကတည်းက တိုက်စစ်ဖွင့် ကစားခဲ့သော မန်စီးတီးတို့ အိမ်ကွင်း၌ နိုင်ပွဲရရှိရေးအင်တိုက်အားတိုက် ကစားခဲ့ရာ ဆန်းဒါးလန်းတို့ မန်စီးတီးတိုက်စစ်ကို အဝင်အထွက်ရဲရဲဖြင့်ဖျက်ထုတ်နေခဲ့ရသည်။ မန်စီးတီး တိုက်စစ်မှူးများဖြစ်သည့် ဗတ်စ်ဆဲယ်နှင့် ဆာမာရာတို့ မနားတမ်းထိုးဖောက်ကစားမှုကြောင့် ပွဲအစကိုးမိနစ်မှာပင် မန်စီးတီးတိုက်စစ်မှူးဆာမာရာစ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

မန်စီးတီးတို့ ဖိကစားထားရာမှ ပထမဂိုးသွင်းပြီး တစ်မိနစ်အကြာမှာပင် မန်စီးတီးတိုက်စစ်မှူး ဆာမာရာက ဒုတိယဂိုး ဆက်တိုက်သွင်းယူခဲ့ပြန်သဖြင့် မန်စီးတီးတို့ ၁၀မိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဆန်းဒါးလန်းတို့ ချေပဂိုး ရရှိရေးကြိုးစားကစားရာ ပွဲချိန် ၂၅မိနစ်တွင် ဆန်းဒါးလန်းတိုက်စစ်မှူး ဗီကင်ကိုင်လီဇာက ချေပဂိုးတစ်ဂိုးပြန်သွင်းယူပေးနိုင်ခဲ့သည်။

ပထမပိုင်းပွဲချိန်အတွင်း ဆန်းဒါးလန်းတို့ ချေပဂိုး ထပ်မသွင်းနိုင်သလို မန်စီးတီးတို့လည်း အနိုင်ဂိုးများ ထပ်ဆင့်မသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲချိန်တွင် ဆန်းဒါးလန်းတို့ ချေပဂိုးရရှိရေးကစားအား တင်ကစားခဲ့သော်လည်း တိုက်စစ်မှူးများ ဖြစ်သည့် စတီဖင်နှင့် ဒန်ရိုက်ဟိဒ်တို့၏ ကန်သွင်းချက်များ အပေါ်ထောင် ဘေးထွက်နေမှုကြောင့် ချေပဂိုးမရရှိဘဲဖြစ်ခဲ့ရသည်။

မန်စီးတီးတို့လည်း ဒုတိယပိုင်းပွဲချိန်အတွင်း အနိုင်ဂိုး ထပ်မံမသွင်းနိုင်ဘဲရှိ နေရာပွဲချိန် ၈၅မိနစ်တွင် ဆန်းဒါးလန်းမှ ဂါရီအရင်း နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရပြီး ၁၀ဦးတည်းဖြင့် ကစားရသည်ကိုပင် အနိုင်ဂိုးထပ်မသွင်းနိုင်ခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးရလဒ်ဖြစ်ပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးတို့ ယခုပွဲအနိုင်ရရှိသဖြင့် ၂၈ပွဲကစား အမှတ် ၄၀ဖြင့် တန်းစီဇယားအဆင့် ၉ နေရာ၌ရှိနေပြီး ဆန်းဒါးလန်းမှာ ၂၈ ပွဲကစား ၁၀ မှတ်ဖြင့် တန်းဆင်းရန် သေချာနေပြီဖြစ်သည်။

တော့တင်ဟမ်နှင့်ဘလက်ဘန်း

အိမ်ကွင်းခြေစွမ်းထက်နေသော တော့တင်ဟမ်တို့ ဧည့်သည်ဘလက်ဘန်းကို ခြေအသာစီးဖြင့်ကစားကာ ပွဲအစ ၉ မိနစ်မှာပင် တော့တင်ဟမ်တိုက်စစ်မှူး ရော်ဘီကိန်းက ဘယ်ခြေဖြင့်အနီးကပ် ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးစတင်ရရှိခဲ့သည်။

ဦးဆောင်

တော့တင်ဟမ်တို့ တိုက်စစ်ကိုဟန့်တားရင်း ဘလက်ဘန်းတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပွဲချိန် ၄၂ မိနစ်တွင် တော့တင်ဟမ် တိုက်စစ်မှူးရော်ဘီကိန်းကပင် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သဖြင့် နှစ်ဂိုး အသာရကာ ဦးဆောင်နိုင်ခဲ့သည်။

သို့သော် ပွဲချိန် ၄၄မိနစ်တွင် ဘလက်ဘန်းတိုက်စစ်မှူး မွန်ဂိုလီက ခေါင်းတိုက်သွင်းကာ ချေပဂိုးတစ်ပြန်သွင်းယူနိုင်ခဲ့သည်။ ပထမပိုင်းတွင် ဘလက်ဘန်းတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်နေရာမှ ဒုတိယပိုင်းပွဲချိန် ၆၇မိနစ်၌ ဘလက်ဘန်းတိုက်စစ်မှူး ဘယ်လာမီက ဂိုးဧရိယာအတွင်း ညာခြေဖြင့် အနီးကပ် မနားတမ်းကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိကာ နှစ်ဂိုးစီဖြစ်နေခဲ့သည်။

သို့သော် ပွဲချိန်မိနစ်၇၀တွင် တော့တင်ဟမ်မှ အာမက်မီဒိုက အနိုင်ဂိုးသွင်းယူလိုက်သဖြင့် တော့တင်ဟမ်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ တန်းစီဇယား စတုတ္ထနေရာ၌ ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။ **(အင်တာနက်)**

သတင်းစုစည်း-မောင်မောင်မြင့်ဆွေ

ဒဗလျူအိုင်ဘီအေ၏ ပေါင် ၁၃၀ တန်း အမျိုးသမီးလက်ဝှေ့ချန်ပီယံ ထိုးသတ်ပွဲ

ကာတာဂီမာ မတ် ၆

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးလက်ဝှေ့အဖွဲ့ချုပ်(ဒဗလျူအိုင်ဘီအေ)၏ ပေါင် ၁၃၀တန်း လက်ဝှေ့ချန်ပီယံပြိုင်ပွဲကို ကိုလံဘီယာနိုင်ငံ ကာတာဂီမာမြို့တွင် မတ်၅ရက်က ကျင်းပခဲ့သည်။

ဒဗလျူအိုင်ဘီအေ၏ ပေါင် ၁၃၀တန်း လက်ဝှေ့ချန်ပီယံ ကိုလံဘီယာမှ လူဇ်ဖလောရစ်ဇ်နှင့် စိန်ခေါ်သူ အာဂျင်တီးနားနိုင်ငံမှ ပက်ထရီစီရာကွီရီကိုတို့ ယှဉ်ပြိုင်ထိုးသတ်ရာ လက်ရှိချန်ပီယံ လူဇ်ဖလောရစ်ဇ်က ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

(အင်တာနက်)

နိုင်ငံတကာ အမျိုးသားမာရသွန်အပြေးပြိုင်ပွဲ စပိန်အပြေးသမား ဂျူရီရိုစ်အနိုင်ရဗိုလ်စွဲ

တိုကျို မတ် ၆

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မတ် ၅ ရက်က ကျင်းပသည့် နိုင်ငံတကာအမျိုးသားမာရသွန် အပြေးပြိုင်ပွဲတွင် စပိန်နိုင်ငံမှ မာရသွန်အပြေးသမား ဂျူရီရိုစ်က အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဂျပန်နိုင်ငံမှ မာရသွန်အပြေးသမား တာကာယူကီ မတ်ဆူမီယာမှာ ဒုတိယဆုသာရရှိခဲ့သည်။ စပိန်မာရသွန်အပြေးသမား ဂျူရီရိုစ်၏ ပထမဗိုလ်စွဲသည့် စံချိန်မှာ ၂နာရီ ၉မိနစ် ၁၅စက္ကန့်ဖြစ်သည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံတကာ အမျိုးသားမာရသွန် အပြေးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသည့် စပိန်မှဂျူရီရိုစ် ပန်းဝင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စီးရီးအေပွဲစဉ်(၂၈) ဆက်လက်ယှဉ်ပြိုင်ကစား အင်တာမီလန်တို့သရေကျပြီး တတိယနေရာမှ မတက်နိုင်

ရောမ မတ် ၆

စီးရီးအေပွဲစဉ်(၂၈)၌ အင်တာမီလန်တို့ ကံကောင်းထောက်မစွာဖြင့် သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ရိုးမားကွင်း၌ ပွဲအစ ကိုးမိနစ်မှာပင် ရိုးမားတိုက်စစ်မှူး ရိုဒရီရိုက အဖွင့်ဂိုးသွင်းယူလိုက်ရာ အင်တာမီလန်တို့စိုးရိမ်စိတ်များကာ ချေပဂိုးရရှိရန် အပြင်းအထန်ကြိုးစားသော်လည်း အလွဲလွဲအချော်ချော် ဖြစ်ခဲ့သည်။

စီးရီးအေဘောလုံးပွဲစဉ်(၂၈)အဖြစ် ဖီအိုရင်တီးနားနှင့်ဆီနာတို့ပွဲတွင် ဆီနာမှ အီရာဂွျန် (ဝဲ) နှင့် ဖီအိုရင်တီးနားမှ ပါဘီလက်ကော့ဗ်တို့ဘောလုံးယှဉ်လုစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်တာမီလန် တိုက်စစ်မှူးများဖြစ်သည့် ရီကိုးဘား၊ ဂျူလီရိုခရစ်တို့လည်း ရိုးမားနောက်တန်းကို အကြိမ်ကြိမ် ကျော်ဖြတ်ထိုးဖောက် ကစားခဲ့သော်လည်း ဂိုးရအောင် မဖန်တီးနိုင်ခဲ့ချေ။

လွဲချော်

အင်တာမီလန်မှ ဂွန်ဇာလက်၏ ကန်သွင်းချက်နှင့် စတန်ကိုဗစ်၏ ကန်သွင်းချက်များမှာလည်း လွဲချော်နေမှုကြောင့် အင်တာမီလန်တို့ စောစီးစွာ ချေပဂိုး မရရှိခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းပွဲချိန်အတွင်း အင်တာမီလန်တို့ ချေပဂိုး မသွင်းနိုင်ဘဲရှိရာ အင်တာမီလန်မှ ဂွန်ဇာလက်အစား ဖီဂို၊ ခရစ်ဗ်အစား မာတင်၊ ပီဇာရိုအစား ဆီဆာတို့ကို အစားထိုးထည့်သွင်း ကစားခဲ့သော်လည်း ပွဲရလဒ် မပြောင်းလဲဘဲ ရှိနေခဲ့သည်။

သရေပွဲ

အင်တာမီလန်တို့အတွက် ချေပဂိုးကို ပွဲချိန်ပြည့်ကာနီး တစ်မိနစ်အလို ၈၉မိနစ်ရောက်မှသာ အင်တာမီလန်မှ မာကိုမာတီရာဇီက ချေပဂိုး သွင်းယူနိုင်ခဲ့သဖြင့် ကံကောင်းထောက်မစွာ သရေပွဲ ဖြစ်ခဲ့ရသည်။

ယခုပွဲ အင်တာမီလန်တို့ သရေကျခဲ့သဖြင့် ၂၈ပွဲကစား ၅၉မှတ်ဖြင့် တတိယနေရာ၌ ဆက်လက်တည်မြဲနေသည်။ ရိုးမားမှာလည်း ၂၈ ပွဲကစား ၅၅မှတ်ဖြင့် တန်းစီဇယားပဉ္စမနေရာ၌ ရှိနေသည်။

ဖီအိုရင်တီးနားနှင့်ဆီနာ

ဖီအိုရင်တီးနားတို့ အိမ်ကွင်း၌ နိုင်ပွဲဆက်ခဲ့ပြန်ပြီဖြစ်သည်။ ဖီအိုရင်တီးနားတို့ အနိုင်ဂိုးရရှိရေး တွန်းတွန်းတိုက်တိုက် ကစားခဲ့ရာ ဖီအိုရင်တီးနားမှ ဒိုနာဒယ်၊ စတီဖာဒို၊ ဘိုဂျီနော့ဗ်နှင့် ပက်ဇ်ဇီနီတို့ အဝါကတ်ပြ သတိပေးခံရပြီးမှသာ ပွဲချိန်ပြည့်ကာနီး မိနစ်၉၀တွင် ဖီအိုရင်းတီးနားမှ ပက်ဇ်ဇီနီက အနိုင်ဂိုးသွင်းယူခဲ့၍သာ နှစ်ဂိုး-တစ်ဂိုးဖြင့် ဖီအိုရင်တီးနားတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဟန့်တား

အီတလီစီးရီးအေဘောလုံး ပြိုင်ပွဲ (၂၈)အဖြစ် ရိုးမားနှင့် အင်တာမီလန်တို့ပွဲတွင် အင်တာမီလန်မှ ဒေးဗစ်ပီဇာရို (ရှေ့) **ထိုးဖောက် ကစားမှုကို ရိုးမားမှ အိုလီဗာဒါကော့ လိုက်လံဟန့်တားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

တီးနား တိုက်စစ်မှူး လူကာတိုနီက ပွဲအစ ခြောက်မိနစ်မှာပင် အဖွင့်ဂိုးသွင်းယူလိုက်နိုင်သည်။ ဆီနာတို့က ဖီအိုရင်တီးနားကို မာမာတင်းတင်း တုံ့ပြန်ကစားရာ ပွဲချိန် ၁၅မိနစ်၌ ဆီနာမှ ဗာဂတ်ဆိုပါက ချေပဂိုးပြန်သွင်းပေးနိုင်ခဲ့သည်။

ဖီအိုရင်းတီးနားတို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ၂၈ပွဲကစား ၅၆ မှတ်ဖြင့် တန်းစီဇယားစတုတ္ထနေရာ၌ရှိနေသည်။

ချီယေးဗိုနှင့်လာဇီယို

ချေလေးမိုတို့လည်း အိမ်ကွင်း၌ ဧည့်သည်လာဇီယိုက အဖွင့်ဂိုးသွင်းယူခြင်းကို ခံရပြီးမှသာ ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ချီယေးဗိုတို့ အဖွင့်ဂိုး စောစီးစွာရရှိရေး ကြိုးစားသော်လည်း လာဇီယိုခံစစ်မှူးများကို ထိထိရောက်ရောက် မဖြတ်ကျော်နိုင်ဘဲရှိရာ ပွဲချိန် ၃၁မိနစ်တွင် လာဇီယိုမှ စတီဖာနိုမောရိက အဖွင့်ဂိုးသွင်းယူသွားခဲ့သည်။

ချေပဂိုးရရှိရေး

ချီယေးဗိုအတွက် ချေပဂိုးကို ပွဲချိန် ၄၁မိနစ်၌ ချီယေးဗို တိုက်စစ်မှူး တီရီဘိုချီက သွင်းယူပေးပြီး ၄၄မိနစ်တွင် တီရီဘိုချီကပင် ဒုတိယဂိုးကို ဆက်တိုက်သွင်းယူပေးခဲ့သည်။ လာဇီယိုတို့ ချေပဂိုးရရှိရေး မနားတမ်းတိုက်စစ်ဆင် ကစားခဲ့ရာမှ ပွဲချိန်၆၇ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ယင်းပယ်နယ်တီကို လာဇီယိုမှ မက်ဆီမိုအော့ဒိုက ကန်သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

မက်ဆီနာ	**၀ - ၁**	**ပါးမား**
လက်ချီ	**၂ - ၀**	**ပါလာမို**
ထရီဘီဆို	**၀ - ၁**	**ရက်ဂျီးနား**
လီဗော်ဒို	**၀ - ၁**	**ကာဂလီရာရီ**
အူဒီးနီစ်	**၁ - ၁**	**အက်စ်ကိုလီ။**

(အင်တာနက်)





မြန်မာမြ ဆောက်လုပ်ရေး

မြန်မာမြ အင်ဒတ်(စ်)ထရီ အင်တာနေရှင်နယ်ကုမ္ပဏီမှ တိုက်ခန်းသစ်များကို ရောင်းချရန် အနည်းငယ်ကျန်ရှိသည်။ (ငွေပေးချေမှုစနစ်ကို ညှိနှိုင်းဆောင်ရွက်ပေးမည်၊ ဦးရာလူကို ညှိနှိုင်းဈေးဖြင့်ရောင်းချပေးမည်။)

အဆောက်အအုံများ၏ အခန်းဖွဲ့စည်းမှုများကို ဆောင်ရွက်ပေးမည်။ လူနေခွင့်(BCC)ရရှိပြီး လျှပ်စစ်မီးများလည်း တပ်ဆင်ပြီးဖြစ်သည်။ ဓာတ်လှေကားနှင့် Generator အဆင်သင့် တပ်ဆင်ပြီးဖြစ်သည်။ Transformer လည်း တပ်ဆင်ပြီးဖြစ်သည်။

အကျယ် – ၂၈ပေ–၉လက်မ x ၅၈ပေ (ကျုံးကြီးလမ်းဘက်ခြမ်း)
၂၃ပေ–၆လက်မ x ၅၈ပေ (အတွင်းဘက်ခြမ်း)

နေရာ – အမှတ် ၂၅၊ ကျုံးကြီးလမ်း (အနော်ရထာလမ်းထိပ်)
၂၃လမ်း၊ ကျုံးကြီးလမ်းထိပ်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်လိပ်စာ – **Ayar Travels & Tours Co., Ltd.**
အမှတ် ၂၉၄/၁၊ ရွှေတိဂုံဘုရားလမ်း၊
ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၀၀–၉၀၉၃။

ပေါက်ခေါင်းမြို့နယ်တွင် အသိပညာပေးဟောပြော ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးများကုသပေး

ရန်ကုန် မတ် ၆

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ ဒေသခံပြည်သူများအား အသိပညာပေးဟောပြောခြင်းနှင့်အခမဲ့ဆေးဝါးကုသခြင်းများကို ဖေဖော်ဝါရီ၂၄ရက်က ပေါက်ခေါင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်နှင့်အဖွဲ့ဝင်များ၊တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကျိုးသက်ရောက်ပုံ

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်က အမှာစကားပြောကြားပြီး ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်က အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းနှင့် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏လုပ်ငန်းစဉ်(၄)ရပ်ကို လည်းကောင်း၊ တိုင်းခွဲ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက အသက် ၁၅နှစ်နှင့် ၄၅နှစ်အကြား အမျိုးသမီးများအား မေးခိုင်ကာကွယ်ဆေးထိုးခြင်း၏ အကျိုးသက်ရောက်ပုံများကို လည်းကောင်း၊ စိတ်ကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာကျော်ဝင်းက စိတ်ကျန်းမာရေးအကြောင်းသိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် ပေါက်ခေါင်းမြို့ အမှတ်(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် တတိယအကြိမ် မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးသည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး ပေါက်ခေါင်းမြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူ၆၀၀ကျော်တို့အား အခမဲ့ဆေးဝါးများ ကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆေးဝါးပစ္စည်း

ယင်းနောက် ပဲခူးတိုင်း (အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်က ပေါက်ခေါင်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးထံသို့ ဒေသခံပြည်သူများအတွက် ဆေးနှင့် ဆေးဝါးပစ္စည်း တန်ဖိုးငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျေးဇူးဆပ်ပါမည် ကျွန်တော်၏ အရေးကြီးကတ်ပြားများနှင့်မှတ်စုစာအုပ်၊ပိုက်ဆံအိတ်သည် ၄–၃–၂၀၀၆ရက်တွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်ပို့ပေးပါ။ **ဗိုလ်မှူးသက်လှိုင် ဖုန်း–၀၉၉၉၂၆၆၇၅။**





အနာကြီးရောဂါကင်းဝေးရေးနေ့ အခမ်းအနားကျင်းပ စာစီစာကုံးပြိုင်ပွဲဆုရသူများဆုချီးမြှင့်

မုံရွာ ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ အနာကြီးရောဂါကင်းဝေးရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ၆ရက် နံနက်၉နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဆေးရုံအုပ်ကြီးဒေါက်တာဒေါ်မြင့်မြင့်သိန်းက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက မြန်မာနိုင်ငံ အနာကြီးရောဂါကင်းဝေးရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဝေဖြိုးစန္ဒီနိုင်အားလည်းကောင်း၊ ဒုတိယဆုရ မုံရွာမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမေစံပယ်စိုး အားလည်းကောင်း၊ တတိယဆုရ မုံရွာမြို့ သူနာပြုသားဖွားသင်တန်းကျောင်းမှ သင်တန်းသူ မခင်မာဝေအားလည်းကောင်း ဆုများချီးမြှင့်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဇနီး ဒေါ်ဝေဝေခိုင်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက မြန်မာနိုင်ငံအနာကြီး ရောဂါကင်းဝေးရေး အထိမ်းအမှတ် ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

(ခရိုင် ပြန်/ဆက်)

အိမ်မဲမြို့ အိမ်မဲကြီးရပ်ကွက် ၁၃ လမ်း (ဗိုလ်ဗထူးလမ်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်း၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ရေပေးရေးလုပ်ငန်း

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အတ္တရံ(၁) ရေပေးရေး လုပ်ငန်းကို ဖေဖော်ဝါရီ ၁၄ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးလှမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဆေးရုံ လူနာများအသုံးပြုရန် စောင်များလှူဒါန်း

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၅

ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသောလူနာများ အသုံးပြုရန်အတွက် စောင်များလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါဆေးရုံကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူးဒေါက်တာခင်စောဝင်းနှင့် အထူးကုဆရာဝန်များ၊ အလှူရှင်ပြည်လုံးချမ်းသာကုန်မာဆိုင် ပြင်ဦးလွင်၊ ဘီဘီဘရူးဝါးမိသားစုဝင်များ တက်ရောက်ကြသည်။

ထို့နောက် အလှူရှင်မိသားစုက လူနာများအသုံးပြုရန်အတွက် ငွေကျပ် ၁၈၀၅၀၀၀တန်ဖိုးရှိ စောင်အထည်၁၀၀ကို လှူဒါန်းရာ ဆရာဝန်ကြီးက လက်ခံရယူကြောင်း သိရသည်။ **(အောက်ပုံ) (၂၈၀)**

မြန်မာ့အသံ

၈-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (လိုက်လံပျူငှာကြိုနေမယ် မုံရွာမြို့က ဝင်းယူနတီဟိုတယ်)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာ အဆင်တန်ဆာ) (ဦးမင်းနိုင်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ရန်ကိုရန်ချင်း မတုံ့နှင်းနှင့်) (မောင်သိန်းလှိုင်)

ညနေပိုင်း

၁၆း၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ် (သချာ်)
၁၇း၃၀ အစာနှင့် အာဟာရ (ပြင်ဦးလွင်မြို့က မက်မန်း-၁)
၁၇း၄၅ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ ပန်တျာစိန်လှမြိုင်၏ ဆိုင်းလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)လွယ်-မြန်-မှန် စိတ်တွက်သချာ် (သိပ္ပံဒိုးကလေး) (၂)သမီးလေးဖတ်ဖို့-၉ (ကောင်းသန့်)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ထွင့်ခေါင်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် စံလင်း၊ မီမီဝင်းဖေတို့၏ "သူမျှော်နေတော့မှာ"တေးစီးရီး)

အမြို့မြို့ အနယ်နယ် သတင်းများ

တမူးမြို့ ဂဏာပါမောက္ခကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

တမူး ဖေဖော်ဝါရီ ၂၃

တမူးမြို့ စန္ဒကူးရပ်ကွက် ဂဏာပါမောက္ခကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက် ၈နာရီက အဆိုပါလမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းသစ်မှာ အရှည်ပေ ၁၁၈၀၊ အကျယ် ၁၂ပေရှိပြီး ပြည်သူများ ထည့်ဝင်ငွေကျပ် ၂၀ဒသမ ၅၇ သိန်း၊ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၈သိန်းအပါအဝင် စုစုပေါင်း ငွေကျပ် ၃၈ ဒသမ ၅၇သိန်းကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာချင်းဆက်တံတား ဆောက်လုပ်ရေးကွင်းဆင်း

သပိတ်ကျင်း ဖေဖော်ဝါရီ ၁၀

သပိတ်ကျင်းမြို့နယ်၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် လမ်းလယ်ကျစ်ကျေးရွာနှင့် ဇရပ်ကွင်းကျေးရွာ ဆက်သွယ်သည့်တံတား တည်ဆောက်ရေးအတွက် ဇန်နဝါရီ ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ချင်း၊ အင်ဂျင်နီယာတာဝန်ခံ ဦးသိန်းထွေးနှင့် လူမှုရေးအသင်းဝင်များ ကွင်းဆင်းတိုင်းတာ ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇီဝဒီဇယ်ဆီအစားထိုး ခြံစည်းရိုးကြက်ဆူပင် တစ်သိန်း ပျိုးထောင်စိုက်ပျိုးမှုကို ဖေဖော်ဝါရီ ၁၈ရက်က အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

လင်းခေး၌ ဥဏာဗလကျောက်ချောလမ်းသစ်ဖွင့်

လင်းခေး ဖေဖော်ဝါရီ ၁

လင်းခေးမြို့ စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော အရှည်ပေ ၉၆၀ရှိ ဥဏာဗလ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဝေ၊ လင်းခေးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် အမှုဆောင်အရာရှိ ဦးတင့်ဝေတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

ပန်းအလှပင်နှင့်အရိပ်ရပင်များ ပျိုးထောင်

ကန်ပက်လက် ဖေဖော်ဝါရီ ၂၀

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် ဖေဖော်ဝါရီ ၄ ရက်က ကန်ပက်လက်မြို့ စည်ပင်သာယာရေးအဖွဲ့ရုံးရှိ ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင် ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သာစည်ငါးဆူဘုရားသွားလမ်းပြုပြင်

သာစည် ဖေဖော်ဝါရီ ၂၀

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် လမ်းများအဆင့်မြှင့်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်က သာစည်မြို့ ငါးဆူဘုရား သွားလမ်းကို ပြည်သူများ လွယ်ကူစွာ သွားလာနိုင်ရေးအတွက် အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကြည်ကြည်စိန်တို့ ကြီးကြပ်၍ လမ်းပေါက်များ ပြုပြင်ဖာထေး ဆောင်ရွက်ကြကြောင်းသိရသည်။ (နယ်စပ်/စည်ပင်)

သံတွဲမြို့နယ်ကျေးလက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

သံတွဲ ဖေဖော်ဝါရီ ၂၈

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် ဖေဖော်ဝါရီ ၁၅ ရက်က သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ပြကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခြင်း၊ မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စစ်ဆေးကြပ်မတ်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများအား တွေ့ဆုံ၍ စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မိုးကောင်းမြို့နယ် စည်ပင်သာ ယာရေးအဖွဲ့ အောင်ဆန်းလမ်းနှင့် နဝဒေးလမ်းဆုံရှိ တြိဂံခုံအား ပေါင်းမြက်နုတ်ခြင်းနှင့် မြေသြဇာထည့်သွင်းခြင်း ဆောင်ရွက်ရာသို့ ဖေဖော်ဝါရီ၈ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ရန်ကုန်မြို့ မျက်စိအထူးကုဆရာဝန်ကြီးများ မြိတ်မြို့ဆေးရုံ မျက်စိလူနာများအား အခမဲ့ကွင်းဆင်းကုသ

မြိတ် ဖေဖော်ဝါရီ ၂၈

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးရန် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့ ကွင်းဆင်းဆေးကုသခြင်း အခမ်းအနားကို ဖေဖော်ဝါရီ၂၀ရက်က မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံ၌ ကျင်းပသည်။

စီစဉ်ဆောင်ရွက်

အခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က မျက်စိလူနာများအား အခမဲ့ခွဲစိတ်ကုသပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာတင်ဝင်းက မျက်စိဝေဒနာဆိုင်ရာနှင့် ခွဲစိတ်ကုသခြင်း အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အလှူရှင် ဒေါက်တာအောင်လွင်(ပြည့်ဖြိုးထွန်း ကုမ္ပဏီ)မိသားစုက အလှူငွေကျပ် သိန်း၅၀ လှူဒါန်းရာ ပါမောက္ခဒေါက်တာတင်ဝင်းက လက်ခံရယူသည်။

စီစဉ်ဆောင်ရွက်

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများကို အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးတင်ဝင်းအဖွဲ့အားလည်းကောင်း**(အပေါ်ပုံ)**၊ အလှူရှင်ဒေါက်တာ အောင်လွင်မိသားစုအားလည်းကောင်း၊ မျက်စိစမ်းသပ်စက်ကိရိယာများကူညီသည့် အယ်လ်ကွန်ကုမ္ပဏီ ဦးတင်ထွန်းဝင်းအားလည်းကောင်း ပေးအပ်ပြီး မျက်စိဝေဒနာရှင် ၁၇၃ဦးအား အခမဲ့ ခွဲစိတ်ကုသပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဟားခါးမြို့ အခြေခံပညာကျောင်းများ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် မျိုးစေ့ပေးအပ်

ဟားခါး ဖေဖော်ဝါရီ ၂၅

ချင်းပြည်နယ် ဟားခါးမြို့ အခြေခံပညာကျောင်းများ၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်ပေါင်း တစ်သိန်းပျိုးထောင်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အမှတ်(၁) အထကကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှင်းလင်းမှာကြား

အခမ်းအနားတွင် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပျိုးထောင်မှုကို အလေးထားဆောင်ရွက်ရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက ပျိုးထောင်စိုက်ပျိုးမည့် ခြံစည်းရိုးကြက်ဆူ မျိုးစေ့များကို အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် အခြေခံပညာမူလတန်းကျောင်းများကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးနော်လ်ဟရန်းတို့အားပေးအပ်သည်။ အဆိုပါ ဟားခါးမြို့ အခြေခံပညာကျောင်းများ၏ ခြံစည်းရိုး ကြက်ဆူပင်ပျိုးထောင်ပွဲတွင် မျိုးစေ့ဖြင့်ပျိုးထောင်သည့် ပျိုးပင်ပေါင်းတစ်သိန်းဖြစ်ပြီး ပျိုးကိုင်းဖြင့် ပျိုးထောင်ထားမှုမှာ ၅၄၄၂ပင်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုင်းယောင်းမြို့နယ်တွင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိရာဇန်နဝါရီ၃၀ရက်က ဝမ်မန်းအုပ်စု ဝမ်ရဲန်းရွာ စိမ့်စမ်းရေပေးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကော့သောင်း၌ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ကော့သောင်း ဖေဖော်ဝါရီ ၁၉

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၄ရက် နံနက်၁၁နာရီက စုပေါင်းရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက မြို့နယ်နှင့်မြို့များသို့လည်းကောင်း၊ ခရိုင်အဖွဲ့ဝင်(၁) ဦးကြည်တင်က ကော့သောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု တာဝန်ခံများသို့လည်းကောင်း စာအုပ်များပေးအပ်လှူဒါန်းသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်အေးကဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေးကာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စာအုပ်များ ပေးအပ်လှူဒါန်းခြင်းအတွက် ဂုဏ်ပြုလွှာကို ခရိုင်ဦးစီးအရာရှိက ခရိုင်ဥက္ကဋ္ဌသို့ လွှဲပြောင်းပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ဒေါန(၂) မြို့ပြကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၃ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းလွင်ဦးက လမ်းအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

မြစ်ငယ်မြို့ အမျိုးသမီးရေးရာစေတနာ့ကျောင်းသို့ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

မြစ်ငယ် ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်း အမရပူရမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၈ရက် ည၇နာရီက မြစ်ငယ်အခြေခံပညာအထက်တန်းကျောင်းရှိ အမျိုးသမီးရေးရာ စေတနာ့ကျောင်းသို့ ကျောင်းသုံး စာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။

ရည်ရွယ်ချက်ရှင်းလင်း

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုက စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်က ကျောင်းသူများအား ပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ကျောင်းသူများအား ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(၂၀၉)

ဝိုင်းမော် အထက ပညာရေးစုံညီပွဲကျင်းပ

ဝိုင်းမော် ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် ဝိုင်းမော်မြို့ အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းဝင်း မြက်ခင်းပြင်တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ပညာရေးမှူး ဒေါ်မြစိန်၊ ကျောင်းအုပ်ဆရာကြီး ဦးကြည်ညွန့်နှင့်ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌဦးမြအောင်တို့က အမှာစကားများ ပြောကြားကြပြီး ထူးချွန်လူငယ်များအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုင်းခုတ်မြို့ စံပယ်လမ်း ကျောက်ချောလမ်းခင်း

မိုင်းခုတ် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စံပယ်လမ်း ကျောက်ချောလမ်းခင်းခြင်းကို ဖေဖော်ဝါရီ၁၉ရက်က ခရိုင် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးစီးအရာရှိ ဦးတင့်ဝေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မိုင်းခုတ်မြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးဟန်ဝင်းအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်ကျော်တို့က ကျောက်ချောလမ်းခင်းနေမှု အခြေအနေကို ရှင်းလင်းပြသကြသည်။

အဆိုပါလမ်းမှာ အရှည် ပေ ၆၆၀၊ အကျယ် ၁၂ပေရှိပြီး ရန်ပုံငွေကျပ် ၁၅သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ် အတွင်း ကျေးရွာချင်းဆက် လမ်းများရှိ လမ်းနှင့် တံတားများ ပြုပြင်ဆောက်လုပ်နေခြင်းကို ဖေဖော်ဝါရီ ၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ဇန်နဝါရီ ၂၅ ရက်က ကမ္မ-ရေလာ-ထန်းတပင် ကျေးလက်ကျောက်ချောလမ်း ပေ ၅၂၈၀ ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၁၁ရက်က အလှူရှင် ဦးငြိမ်းမောင်က ရေနံချောင်းမြို့နယ် ဘေးမဲ့ရပ်ကွက် လူငယ်အားမာန် စာကြည့်တိုက်အတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင်လတ်က လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

မွေးနေ့ဆုတောင်း

၇-၃-၂၀၀၆ရက်တွင်ကျရောက်သည့် ချစ်ဇနီး မမီမီအောင်၏ မွေးနေ့ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သာယာဖြောင့်ဖြူးသော ဘဝခရီးကို ချစ်သောမောင်နှင့်အတူ ပျော်ရွှင်စွာလျှောက်လှမ်းသွားနိုင်ပါစေ။

ချစ်ခင်ပွန်း-ကိုသန့်ဇင်(ခ)နောင်နောင်။

ထားဝယ်တက္ကသိုလ် ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်ကြေညာချက်

ထားဝယ်တက္ကသိုလ်မှ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ၂၀၀၄ခု မတ်လ၊ မေလနှင့် စက်တင်ဘာလတို့တွင် ကျင်းပခဲ့သော တတိယနှစ် (၁၉၉၈-အပထ အောင်) စနစ်သစ်၊ တတိယနှစ် (၁၉၉၉ အပထ အောင်)၊ တတိယနှစ် (၂၀၀၀ အပထ အောင်)၊ ဒု-ဂုဏ်ထူးတန်း (၁၉၉၆ အပထ အောင်)၊ ဒု-ဂုဏ်ထူးတန်း (၁၉၉၇ အပထ အောင်)၊ တ-ဂုဏ်ထူးတန်း(စနစ်ဟောင်း)၊ မဟာဒုတိယနှစ် စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီးသူများသည် ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြသည်။

ဘွဲ့နှင်းသဘင်ကြေး - ကျပ် (၁၅၀၀/-)
အဝေးရောက်ဘွဲ့ကြေး - ကျပ် (၁၀၀၀/-)
လျှောက်လွှာပိတ်မည့်ရက် - ၂၄-၃-၂၀၀၆

မှတ်ချက်

(၁) လျှောက်ထားသူများသည် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော(၂ x ၁ ၁/၂)လက်မအရွယ်ဓာတ်ပုံနှစ်ပုံ ပူးတွဲ၍လျှောက်ထားရမည်။
(၂) အခြားပညာသင်နှစ်မှ ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
(၃) ဘွဲ့နှင်းသဘင်လျှောက်လွှာကို ကိုယ်တိုင်လာရောက် တင်သွင်းသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားတို့ကို တင်ပြ၍ ထားဝယ်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် တင်သွင်းလျှောက်ထားရမည်။
(၄) ဘွဲ့ကြေးများကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ထားဝယ်တက္ကသိုလ်ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။
(၅) ထားဝယ်မြို့နယ်မှ စာတိုက်ငွေပို့လွှာဖြင့် ဘွဲ့နှင်းသဘင်ကြေးပေးသွင်းခြင်းကို လုံးဝခွင့်မပြုပါ။
(၆) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order) ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း" ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ စာမေးပွဲအောင်မြင်သည့်ခုနှစ် စသည်များကို တိကျစွာဖော်ပြရမည်။
(၇) အသေးစိတ်အချက်အလက်များကို ထားဝယ်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အစီအစဉ်

အစမ်းလေ့ကျင့်ကျင့်ရက် - ၃၁-၃-၂၀၀၆ (သောကြာနေ့)
ဘွဲ့နှင်းသဘင်ကျင်းပရက် - ၁-၄-၂၀၀၆ (စနေနေ့)
၂-၄-၂၀၀၆ (တနင်္ဂနွေနေ့)

မှတ်ချက်။ ။ နေ့စဉ်နံနက် ၇း၀၀ နာရီတွင် စတင်ကျင်းပပါမည်။

မွန်နိုင်
မော်ကွန်းထိန်း
ထားဝယ်တက္ကသိုလ်။

သွာနုတ္တသမီးဖြစ်ကြောင်းနှင့် အမွေခံစားခွင့် လုံးဝမရှိကြောင်း ကြေညာချက်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ် ၆၄၅ နေ ဒေါ်ရီရီမေ ၁၂/လမန(နိုင်)၀၂၉၀၂၄ ၏ သမီးဖြစ်သူ မသူဇာချစ်(ခ)ဘုံဘုံ ၁၂/ဒဂမ(နိုင်)၀၀၅၈၁၅ သည် မိခင်ဖြစ်သူ ဒေါ်ရီရီမေအပေါ် ရိုင်းပြစ်စွာပြောဆိုဆက်ဆံခြင်း၊ မိခင်အရှက်ရစေသော အပြုအမူများ ပြုမူခြင်း၊ မိခင်အား ကိုယ်ထိလက်ရောက် ထိခိုက်စေခဲ့ခြင်းနှင့် မိခင်အား စိတ်ဒုက္ခအမျိုးမျိုး ခံစားရအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် ဒေါ်ရီရီမေက သမီးဖြစ်သူ မသူဇာချစ်(ခ)ဘုံဘုံအား ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့မှစ၍ သွာနုတ္တသမီးဖြစ်ကြောင်းနှင့် အမွေခံစားခွင့် လုံးဝမရှိ အမွေဖြတ်ကြောင်း ကြေညာအပ်ပါသည်။ [မသူဇာချစ်(ခ)ဘုံဘုံ နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ထပ်ဆင့်ကြေညာအပ်ပါသည်။]

ဒေါ်ရီရီမေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးညွန့်တင် (B.A., LL.B) ဦးစံလှ(LL.B) ဒေါ်လှမွန်မွန်မြင့်(LL.B)
တရားရုံးချုပ်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ် ၅၀၊ အခန်း(A-၂)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

ကျေးဇူးတင်လွှာ

၈-၂-၂၀၀၆ရက် ရခိုင်ပြည်နယ်နယ်၊ ပုဏ္ဏားကျွန်းမြို့၊ ဦးရာဇ်တောင်တန်းပေါ်တွင် တည်ထားလှူဒါန်းသော အောင်စည်းခံ ခေါ်အယသမင်္ဂ စေတီတော်မြတ် ရွှေထီးတော်တင်လှူပူဇော်မင်္ဂလာနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ကြွရောက်ချီးမြှင့်ပေးခဲ့သော ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ အခမ်းအနားဖြစ်မြောက်အောင်ရေးအတွက် အဘက်ဘက်မှဆောင်ရွက်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ရခိုင်ဆန်စပါးကုမ္ပဏီလီမိတက်၊ အင်းပေါက်ဝကုမ္ပဏီလီမိတက်၊ ပုဏ္ဏားကျွန်း ဦးရာဇ်တောင်ဂေါပကအဖွဲ့၊ စေတီတော်မြတ်ပြီးမြောက်နိုင်ရန် စစ်တွေမြို့ နက္ခတ္တဗေဒပညာရှိ ပြက္ခဒိန်အကြံပေးအဖွဲ့ဝင်၊ အစိုးရဓမ္မာစရိယ၊ ရခိုင်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဆရာကြီးဦးအောင်ချစ်နှင့် မိသုကာများ၊ တက်ရောက်ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အခမ်းအနားကျင်းပရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ဦးဦးဘိုးသိန်း - ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊
ဒေါ်မန္တခင် - ရွှေငါးပျံဆေးပေါ့လိပ်လုပ်ငန်း မိသားစု။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်း၊ (၈)ရပ်ကွက်၊ (ယာ-၆)သိုလှောင်ရုံ(၇၉'x၃၉'x၁၂)ပေ၊ (သွပ်xဝါးxဝါး)အား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည် ဖြစ်ပါသည်။

(၁) တင်ဒါရောင်းချမည့်နေ့ - (၈-၃-၂၀၀၆)မှ(၁၀-၃-၂၀၀၆)ထိ
အချိန် - (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီ
(၂) တင်ဒါပိတ်မည့်နေ့ - (၁၄-၃-၂၀၀၆)
အချိန် - (၁၅း၀၀)နာရီ
(၃) တင်ဒါတင်သွင်းရမည့်နေရာ- မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး(၁)တိုင်းမန်နေဂျာရုံး၊ ဧရာဝတီတိုင်း၊ပုသိမ်မြို့။ (၂) မြို့နယ်မန်နေဂျာရုံး၊ မြောင်းမြမြို့နယ်။ (၃)မြို့နယ်ခွဲတာဝန်ခံရုံး၊မော်လမြိုင်ကျွန်းမြို့။

၂။ အဆိုပါ သိုလှောင်ရုံအား မျက်မြင်အခြေအနေတိုင်း ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ (၈)ရပ်ကွက်တွင် သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါတင်သွင်းရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၄၂-၂၄၅၂၃/၂၄၅၂၀ ပုသိမ်မြို့၊ (၀၄၂-၇၀၁၂၉) မြောင်းမြမြို့နယ် မန်နေဂျာရုံးများသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဧရာဝတီတိုင်း။

ကုန်အမှတ်တံဆိပ်သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက် အမှတ်(၁၉) ၁၂၄လမ်းရှိ နန်းဝါကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးသောင်းဟန်သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို တစ်ဦးတည်းမူပိုင်-ပိုင်ရှင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်း၍ ထုတ်လုပ်ဖြန့်ချိလျက် ရှိပါသည်။

ကုန်အမှတ်တံဆိပ်အမှတ်အသားများ

ADD GROWTH
(Furnace Spare Parts)

အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများသည် မီးခံပစ္စည်း၊ သံကျွတ်နှင့် ပြုလုပ်ထားသော Furnace Spare Parts ပစ္စည်းများကို မိမိ၏ ကိုယ်ပိုင်ဥာဏ်ဖြင့် တီထွင်ပြုလုပ်ထားပြီး ပြည်တွင်း၊ ပြည်ပ နိုင်ငံအသီးသီးသို့ တရားဝင် ဖြန့်ချိလျက်ရှိပါသည်။

၎င်းကုန်အမှတ်တံဆိပ် အမှတ်အသားများကို အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြရန် သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာခြင်းမရှိက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

ဦးသောင်းဟန် (M.D)
နန်းဝါကုမ္ပဏီလီမိတက်
အမှတ်(၁၉)၊ ၁၂၄လမ်း၊ သပြေကုန်းရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်။

City Golf Resort Swimming Club
အဆင့်မြင့်နွေရာသီအခြေခံရေကူးသင်တန်း

သန့်ရှင်းကြည်လင်သော အဆင့်မြင့်ရေကူးကန်ဖြစ်သည့်အတွက် ရောဂါပိုးမွှားတွေကင်းစင်တော့ မိဘတွေလည်း စိတ်အေးရတာပေါ့။ သင်တန်းကလည်း ကျွမ်းကျင်တဲ့ဝါရင့်နည်းပြတွေ ကိုယ်တိုင်အနီးကပ်ကြီးကြပ်သင်ကြားပေးမှာဖြစ်သည့်အတွက် မတတ်မှာကို ပူစရာမလိုပါဘူး။ သန့်ရှင်းလတ်ဆတ်တဲ့ Special Breakfast menu များကိုလည်း စီစဉ်ထားတော့ မိဘတွေလည်း အဆင်ပြေတာပေါ့။

သင်တန်းစတင်မည့်ရက် - ၁၀-၃-၂၀၀၆
သင်တန်းနေရာ - မြို့တော်ဂေါက်ကွင်း ရေကူးကန်(မြင်းခွာကျွန်း)
သင်တန်းချိန် - နံနက် ၇း၀၀ မှ ၈း၃၀
- နံနက် ၈း၃၀ မှ ၁၀း၀၀
စုံစမ်းရန် - မြို့တော်ဂေါက်ကွင်း ရေကူးကန်(မြင်းခွာကျွန်း) သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၅၀ ၀၅၀၁၈၊ ၆၄၃၅၀၈။

သင်တန်းသားများအား T-Shirt မေတ္တာလက်ဆောင်များ၊ အသင်းဝင်ကြေးများ Discount ပေးဦးမှာဖြစ်လို့ အမြန်သာ စာရင်းပေးလိုက်ကြပါစို့။

တစ်ဦးချင်းသီးသန့် သင်ကြားလိုသူများကိုလည်း အဆင်ပြေအောင် အထူးစီစဉ် သင်ကြားပေးပါသည်။

ဝယ်လို/ငှားလို

ဒဂုံ(ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော်နှင့် စစ်တောင်းရိပ်မွန်အိမ်ရာရှိ တိုက်ခန်းများ ရောင်း၊ ဝယ်၊ ငှားရမ်းလိုပါက ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါရန်။ (တံခါးရောင်းချတပ်ဆင်ပေးပါသည်။)

ဆက်သွယ်ရန်- တိုက်(၁၈)၊ အခန်း(၃)မြေညီ A.block (၃)လမ်း ဖုန်း-၅၉၃၀၅၈။

အမည်ပြောင်း

အဖ ဦးဒေါ်နာဇယာ(ခ) ဦးကံလှ ၉/မကန(နိုင်)၀၇၀၁၂၃ ၏ သား မောင်နာရမ်းအား မောင်နရေး(စ်)ဘူဆာ(လ်)ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နရေး(စ်)ဘူဆာ(လ်)။**

အမည်ပြောင်း

အဖ ဦးဒေါ်နာဇယာ(ခ) ဦးကံလှ ၉/မကန(နိုင်)၀၇၀၁၂၃ ၏ သား မောင်ကျော်မင်းထွန်း(ခ) မောင်ရာဂျေး(စ်)အား မောင်ရာဂျေး(စ်)ဘူဆာ(လ်)ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရာဂျေး(စ်)ဘူဆာ(လ်)။

အမည်ပြောင်း

အဖ ဦးဒေါ်နာဇယာ(ခ) ဦးကံလှ ၉/မကန(နိုင်)၀၇၀၁၂၃ ၏ သမီး မရတနာအား မရော့(ရ်)နားဘူဆာ(လ်)ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မရော့(ရ်)နားဘူဆာ(လ်)။

ကြော်ငြာစာ

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် အမှတ်(၂၈၆)၊ ဦးပိုင်အမှတ် ၁/က/၅၁(ခဲစင်းပြ)ဘိုးဘပိုင် မြေကွက်အား ဦးမြင့်သူ မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်)၀၂၂၄၇၃ အမှုတွဲအမှတ် ၀၅၅၈/ဘ(ခွဲ/ပြောင်း)/၂၀၀၅-၂၀၀၆ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၄၊ ဦးပိုင်အမှတ် (၁၈)မြေကွက်အား ဦးဖြူဝင်း မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၇၀၄၄၉မှ အမှုတွဲအမှတ် ၁၈၀၀/၂၀၀၅-၂၀၀၆ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူလျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်ရန်ကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အယ်လ်-၁၈) ၆၁ မြေကွက်အမှတ်- ၁၃၇၃၊ အမည်ပေါက် ဦးတင်ရှိန်၏ မြေကွက်အား ဒဂုံမြို့သစ်တောင်ပိုင်း- ၁၄၃/၂ရပ်ကွက်၊ မြေကွက်အမှတ်-၁၆၂သို့ ပြောင်းရွှေ့ချထားပေးရာ အဆိုပါမြေကွက်အား ဦးတင်ရှိန်ထံမှ ဝယ်ယူထားသူ ဦးစန်းဝင်း ၁၂/ထမန(နိုင်)၀၂၅၇၃၀မှ ၎င်းအမည်ဖြင့် ပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက ဦးစန်းဝင်း အမည်ဖြင့်ပါမစ်ထုတ်ပေးရန်ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဘီးလင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များပျိုးထောင်ထားမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော တော်လတီ-ကလော့သော့လမ်း အရှည် ကိုးမိုင် လေးဖာလုံ၊ အကျယ် ၁၂ပေ ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၃၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်

ဖေဖော်ဝါရီ ၂၅ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (က-ပ)

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင္ဃသမအစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထား

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ သောင္ဃသမအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၆

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင္ဃသမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နတ်မောက်မြို့ ဗိုလ်တေဇအားကစားခန်းမ ဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေး

ရန်ကုန် မတ် ၆

မကွေးတိုင်း နတ်မောက်မြို့ ဗိုလ်တေဇအားကစားခန်းမ ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက် ၉ နာရီတွင် ဗိုလ်တေဇအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မကွေးတိုင်း မကွေးခရိုင်နှင့် နတ်မောက်မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

အကောင်းဆုံးဒါရိုက်တာဆုကို Brokeback Mountain **ရုပ်ရှင်ဇာတ်ကားဖြင့် ရရှိသွားသည့် ဒါရိုက်တာ အန်းလီ။**
(အင်တာနက်ဓာတ်ပုံ)

(၇၈)ကြိမ်မြောက် အော်စကာဆုကြေညာ Crach ဇာတ်ကား အကောင်းဆုံး ဇာတ်ကားဆုဆွတ်ခူး

လော့စ်အိန်ဂျလိစ် မတ် ၆

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် မတ် ၅ ရက်က ကျင်းပသည့် (၇၈)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲ အခမ်းအနားကို ကျင်းပခဲ့ရာ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားအဖြစ် Crach ရုပ်ရှင်ဇာတ်ကား၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို Capote ဇာတ်ကားမှ သရုပ်ဆောင် ဖီးလစ်ဆေမိုရာဟို့ဖ်မင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို Walk The Line ဇာတ်ကားမှ ရီစီဝီသာစပွန်းတို့ ရရှိခဲ့ကြသည်။

အကောင်းဆုံးရုပ်ရှင်တေးသီချင်းသီဆိုသူဆု

ထို့အပြင် အကောင်းဆုံးရုပ်ရှင် တေးသီချင်းသီဆိုသူ ဂျော်ဒန်ဟုစတန်နှင့် ပေါလ်ဘီရီဂရက်တို့ ပါဝင်သော အဖွဲ့ဝင် ခြောက်ဦးအဖွဲ့၊ အကောင်းဆုံးရုပ်ရှင်ထုတ်လုပ်သူဆုကို Crach ရုပ်ရှင်ဖြင့် ပေါလ်ဟာဂစ်နှင့် ကာသေးစချူမင်းတို့လည်း ရရှိသည်။

အကောင်းဆုံးမိတ်ကပ်ပြင်ဆင်မှုဆု

တစ်ဖန် အကောင်းဆုံးမိတ်ကပ်ပြင်ဆင်မှုတွင် ဟိုဝပ်ဘာဂါနှင့် တာမီလိန်းတို့လည်း ရရှိကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁** ✡

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ရရှိသွားသည့် ဖီးလစ်ဆေမိုရာဟို့ဖ်မင်း။
(အင်တာနက်ဓာတ်ပုံ)